

၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ

# မြန်မာနိုင်ငံ



International CAMPAIGN TO BAN LANDMINES

**မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့**သည် အပြည်ပြည်ဆိုင်ရာမြေမြှုပ်မိုင်းတားဆီးရေးလှုံ့ဆော်မှု အဖွဲ့(ICBL) ၏လက်အောက်ခံဖြစ်သည်။ ကမ္ဘာမှာ မိုင်းကင်းစင်အောင် လုပ်ဆောင်ရေး ရည်ရွယ်ချက်ဖြင့် ICBL ကို ၁၉၉၂ ခုနှစ်ကဖွဲ့စည်းသည်။ ၁၉၉၇ ခုနှစ် ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ICBL ကို နိုင်ငံ ၇၀ ကျော်မှ တသီးပုဂ္ဂလအဖွဲ့ ၁၃၀၀ ကျော် ဖြင့်ဖွဲ့စည်းထားသည်။

ICBL အနေဖြင့် ၁၉၉၇ခုနှစ် မိုင်းတားဆီးရေးစာချုပ် အကောင်အထည်ဖေါ်မှု အခြေအနေကို မှတ်တမ်းပြုစုသည်။ ထို့အပြင် မိုင်းပြဿနာဖြေရှင်းရေး အပြည်ပြည်ဆိုင်ရာလုပ်ဆောင်ချက်များကိုလည်း အကဲဖြတ်သည်။ လူသားခြင်းစာနာသည့် ဥပဒေနှင့် လက်နက်ဖျက်သိမ်းရေး စာချုပ်များကို ကမ္ဘာတဝှမ်းက တသီးပုဂ္ဂအဖွဲ့များ စနစ်တကျစုပေါင်းကာစောင့်ကြည့် အကဲဖြတ်နိုင်ခြင်းသည် ကမ္ဘာတွင် ပထမဦးဆုံးဖြစ်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ ၁၅၄ နိုင်ငံက မိုင်းတားဆီးရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီး သို့မဟုတ် အတည်ပြုပြီးဖြစ်သည်။ ထိုလက်နက်များဖျက်သိမ်းချိန်တန်ပြီ ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအများစုကြီးက လက်ခံထားကြသည်။ မြန်မာနိုင်ငံ ထိုအထဲတွင်မပါဝင်ပေ။ သို့သော် မြေမြှုပ်မိုင်းပုံမှန်အသုံးပြုနေသေးသော နှစ်နိုင်ထဲတွင်တော့ မြန်မာနိုင်ငံပါဝင်သည်။

မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအစီရင်ခံစာသည် နိုင်ငံ ၁၂၂ နိုင်ငံအကြောင်း စုပေါင်းပါဝင်သော ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ၏ အစိတ်အပိုင်းတခုဖြစ်သည်။ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် မိုင်းတားဆီးရေးစာချုပ် အကောင်အထည်ဖေါ်ရေးနှင့် စီမံရေးကိစ္စအတွက် တာဝန်ယူသော အဖွဲ့မျိုးတော့ မဟုတ်ပေ။ လူကို ထိခိုက်သောမိုင်းများ အသုံးမပြုအောင် သက်ဆိုင်ရာအစိုးရများ တာဝန်ယူတတ် ဖိအားပေးရန်အတွက် သာမန်ပြည်သူများဖြင့် ဖွဲ့စည်းထားသော အဖွဲ့သာဖြစ်သည်။ မိုင်းစာချုပ်ကိုအတည်ပြုထားသော နိုင်ငံများအနေဖြင့် စာချုပ်ပြဋ္ဌာန်းချက်အတိုင်း လိုက်နာမှုရှိမရှိ စောင့်ကြည့်ခြင်း၊ မိုင်းကိစ္စနှင့်ပတ်သက်၍ အစိုးရများ ပွင့်လင်းမှုရှိမရှိနှင့်၊ စာချုပ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ၏ ပေါ်လစီများ ကို လေ့လာစောင့်ကြည့်ခြင်းများလုပ်သည်။

ကမ္ဘာမှာ မိုင်းကင်းစင်ရေးအတွက် သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်း ဆွေးနွေးကြခြင်းကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က အားပေးသလို လိုအပ်သော အကူအညီများလည်း ပေးသည်။ တကမ္ဘာလုံးအကျိုးကျေးဇူးအလို့ငှါ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က လေ့လာသိရှိသော သတင်းအချက်အလက်များကို စိတ်စေတနာကောင်းဖြင့် ဖြန့်ဝေပေးသည်။ ဝေဖန်မှုများ ပါနိုင်သော်လည်း မှတ်တမ်းတင်ခြင်းနှင့် ဝေဖန်ပိုင်းခြားမှုလုပ်ရာတွင် အပြုသဘောဆောင်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းအစီရင်ခံစာအတွက် တာဝန်ရှိသောသုတေသနမှူးများမှာ Yeshua Moser-Puangsuwan နှင့် Alfredo Ferrariz Lubang တို့ဖြစ်သည်။ နှစ်စဉ်သတင်း အချက်အလက်များ ပေးအပ်ခဲ့သောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်ကြောင်း အစီအရင်ခံစာက မှတ်တမ်းတင်အပ်ပါသည်။ ၁၉၉၉ ခုနှစ်မှစ၍ အစီရင်ခံစာများကို မြန်မာဘာသာပြန်ရေး ကူညီခဲ့သူ ဦးခင်မောင်ဝင်းကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

---

မျက်နှာဖုံးဓါတ်ပုံ (စာမျက်နှာ ၃၆ တွင်ရှု)

Landmine Monitor Burma/Myanmar

burma@icbl.org | www.icbl.org/burma

# မြန်မာနိုင်ငံ[၁]

**၂၀၀၅ ခုနှစ်မေလမှစ၍ အဓိကဖြစ်ထွန်းမှုများ–** မြန်မာစစ်တပ်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် လူသားရှင်းမိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေဆဲဖြစ်သည်။ မြန်မာစစ်တပ်သည် အမေရိကန်လုပ် M-14 ပုံစံ လူသားရှင်းမိုင်းများကို ပိုမိုအသုံးပြုနေပြီး ထိုမိုင်းများကို မည်သည့်နေရာများမှ ထုတ်လုပ်သည်ကိုမူ မသိရပေ။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလထဲတွင် အကြီးစား စက်မှုလုပ်ငန်းဝန်ကြီးဌာနသည် လူသားရှင်းမိုင်းများနှင့် အခြားလက်နက် ခဲယမ်းမီးကျောက်များ ထုတ်လုပ်ရေးအတွက် ပြည်ပမှ အတတ်ပညာရှင်များ ခေါ်ယူခဲ့ကြောင်းသိရသည်။ UWSA ခေါ် “ဝ”ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်သည် PMN ပုံစံ လူသားရှင်းမိုင်းများထုတ်လုပ်သည့် ယခင် ဗမာပြည်ကွန်မြူနစ်ပါတီပိုင် စက်ရုံကို အသုံးပြုခဲ့သည်။ မြန်မာစစ်အစိုးရသည် မြေမြှုပ်မိုင်းတားဆီးရေး ကြေညာချက်ကို ၁၉၉၉ ခုနှစ်မှစ၍ ယခု ၂၀၀၅ ခုနှစ် အောင်တိုဘာလတွင်မှ ပထမဆုံးအကြိမ်အဖြစ် တရားဝင်ထုတ်ပြန် ကြေငြာခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မြေမြှုပ်မိုင်းကြောင့် အနည်းဆုံးထိခိုက်ဒဏ်ရာရခဲ့သူ ၂၃၁ ယောက်ရှိခဲ့သည်။ အာဏာပိုင်များ၏ ကန့်သတ်ချုပ်ချယ်မှုများကြောင့် နယ်ခြားမဲ့ ဆရာဝန်များအဖွဲ့ (MSF) က ဆေးဝါးအကူအညီပေးရေး အစီအစဉ်များကို ရပ်တံ့ပစ်ခဲ့ရသည်။

---

[၁] စစ်အစိုးရသည် နိုင်ငံ၏အမည်ကို Burmaမှ Myanmar သို့ပြောင်းလဲခဲ့သည်။ နိုင်ငံအတွင်းရှိတိုင်းရင်းသားအုပ်စုများက Burma ဟုဆက်လက်သုံးစွဲနေကြသည်။ ဤအစီရင်ခံစာထဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နယက)၏ လုပ်ရှားမှုများ၊ ပေါ်လစီများတွင် Myanmar ဟု သုံးနှုန်းပြီး၊ အခြားကိစ္စများတွင် Burma ဟုသုံးထားပါသည်။ တိုင်းနှင့်ပြည်နယ်များ၏ အမည်များကို အများစုခေါ်ဝေါ်သုံးစွဲသည့်အတိုင်း သုံးထားပြီး နယက ၏အသုံးအနှုန်းများကို ကွင်းစကွင်းပိတ်နှင့် ဖော်ပြသည်မှတပါး အခြားနေရာများတွင် ယခင်အတိုင်း အသုံးပြုထားပါသည်။ ဥပမာ ကရင်နီ(ကယား) ပြည်နယ်။

## မိုင်းတားဆီးရေး ပေါ်လစီ

မြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(နယက)သည် မိုင်းတားဆီးရေးစာချုပ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း မရှိသေးပေ။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ (၈) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ ချမှတ်သည့် မိုင်းတားဆီးရေးဆုံးဖြတ်ချက်အမှတ် ၆၀/၈၀ ကို မဲမပေးသော နိုင်ငံ ၁၇ နိုင်ငံထဲတွင် မြန်မာနိုင်ငံပါဝင်သည်။ မြေမြှုပ်မိုင်းတားဆီးရေးနှင့်ပတ်သက်၍ ၁၉၉၉ ခုနှစ်မှစ၍ ကြားနေခဲ့သည်နှင့်ပတ်သက်ပြီး ရှင်းလင်းချက် ထုတ်ပြန်ရာတွင်–

"မြန်မာနိုင်ငံဟာ မူအားဖြင့်မြေမြှုပ်မိုင်းများတင်ပို့တာ၊ လွှဲပြောင်းတာနဲ့ မြေမြှုပ်မိုင်းများ မဆင်မခြင်အသုံးပြုတာတွေတားမြစ်တာကို ထောက်ခံပါတယ်။ ကျနော့်ကိုယ်စားလှယ်အဖွဲ့ဟာ နိုင်ငံအများပါဝင်တဲ့မိုင်းတားဆီးရေးညီလာခံကြီးကို တက်ရောက်လာတဲ့ပုဂ္ဂိုလ်တွေကိုလေးစားပါတယ်။ တချိန်ထဲမှာ နိုင်ငံတိုင်းဟာ မိမိတိုင်းပြည်ကိုကာကွယ်ဖို့အတွက် မိုင်းတွေကိုအသုံးပြုခွင့်ရှိရမယ်လို့ ယုံကြည်နေသလို ဘယ်နိုင်ငံကမှ မိမိနိုင်ငံအမျိုးသားလုံခြုံရေးနဲ့ အချုပ်အချာအာဏာအတွက် ဆွေးနွေးမှုတွေ မလုပ်လိုပါဘူး။ ကျနော်တို့ဟာ အပြစ်မရှိတဲ့ လူအများကြီးကိုသေစေနိုင်တဲ့၊ ဒဏ်ရာရရှိစေနိုင်တဲ့အတွက် လူသားရှင်းမိုင်းများ အသုံးပြုမှုကိုကန့်ကွက်ပါတယ်။ အဲဒီ ဖြစ်ရတာတွေဟာ မြေမြှုပ်မိုင်းတွေကြောင့် ဖြစ်ရတာပါ။ အဖြစ်မှန်တွေအပေါ်မှာ၊ လက်တွေ့ကျတဲ့၊ ထိရောက်တဲ့ အဖြေတွေမရနိုင်ဘူးဆိုရင် အဓိပ္ပါယ်မရှိပါဘူး။ ဒီကိစ္စတွေကို ဆန့်ကျင်ရမယ်။ ဒီကံဆိုးမိုးမှောင်ကျတာတွေက မြေမြှုပ်မိုင်းတွေကို အလွယ်တကူ ဝယ်ယူနိုင်နေတာကြောင့် ဖြစ်နေတာပါ။ ပိတ်ဆို့မှုဟာ လက်တွေ့ကျတဲ့၊ ထိရောက်တဲ့ ဖြေရှင်းနည်းဆီကို ဦးမတည်ဘူးလို့သိရပါတယ်။ ဒီအခြေအနေတွေက မိုင်းနဲ့လက်နက် ဆန့်ကျင်ရေးကွန်ဖရင့်အပေါ် ယုံကြည်တာတွေကို ပိုပြီးအားပေးသလိုဖြစ်လာပါတယ်။ အဲဒီကိစ္စဟာ လူသားရှင်းမိုင်းတွေ အသုံးပြုမှုကိုလည်း ခွင့်မပြုပါဘူး။"[၂]

မြန်မာနိုင်ငံသည် လက်နက်ဖျက်သိမ်းရေး ညီလာခံတက်ရောက်ခဲ့သော အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ သို့ရာတွင် မြေမြှုပ်မိုင်းဆန့်ကျင်ရေးကိစ္စကို ဟစ်တိုင်သဘောမျိုးဖြင့်

---

[၂] "မိုင်းများအသုံးပြုမှု၊ သိမ်းဆည်း သိုလှောင်ထားမှုများ တားဆီးရေး ညီလာခံအပေါ် မြန်မာကိုယ်စားလှယ်အဖွဲ့မှ ယူဆချက်ကို ရှင်းလင်းပြောပြသည်။ လူသားရှင်းမိုင်းများ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းခြင်းနှင့် ၎င်းတို့ကို ဖျက်ဆီးခြင်း၊ **(A.C.1/60/L.56),** နေ့စွဲမရှိ၊ သို့သော် ၂၀၀၅ ခုနှစ် အောက်တိုဘာလ (၂၈) ရက်နေ့။ ထိုကောက်ချက်ချမှုများသည် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ပထမကော်မတီတွင် မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုကောက်ချက်သည် ၁၉၉၉ ခုနှစ်နှင့် ထိုမတိုင်ခင် ယူဆချက်များနှင့် အတော်ဆင်တူနေသည်။

အရှိန်အဟုန်မြင့်လာအောင် မည်သည့်အခါကမျှ မလုပ်ဖူးခဲ့ပေ။ ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် ဘန်ကောက် မြေမြှုပ်မိုင်းပိတ်ပင်ရေးညီလာခံကို မြန်မာနိုင်ငံက တကြိမ် တက်ရောက်ခဲ့ဘူးသည်။

၂၀၀၅ ခုနှစ် သြဂုတ်လထဲတွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးမှူး၏ မြန်မာစစ်တပ်မှမြေမြှုပ်မိုင်းများ သုံးစွဲနေမှုများနှင့် ပတ်သက်၍ ဝေဖန်ဆန်းစစ်ရာတွင် "အထူးကိုယ်စားလှယ်တော်ကြီးက မြန်မာစစ်တပ်ရဲ့ 'ကြမ်းကြုတ်'တဲ့ လုပ်ရပ်တွေကြောင့် လူတွေဟာ အဓမ္မပေါ်တာအဖြစ် ခိုင်းစေခံရမှု၊ မြေမြှုပ်မိုင်းရှင်းသူများအဖြစ် စေခိုင်းခံရမှုတွေကြောင့် ကိုယ်လက်အင်္ဂါများဆုံးရှုံးရပြီး တချို့အသက်သေတဲ့အထိ ဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့မြန်မာစစ်အစိုးရဟာ မြေမြှုပ်မိုင်းတွေကို ဆက်လက် ထုတ်လုပ်နေခဲ့ပါတယ်။ မိုင်းဒဏ်ခံစားကြရသူတွေအတွက် လုံလောက်တဲ့ အကူအညီတွေ၊ ဆေးဝါးတွေမရရှိတဲ့အတွက် ဝမ်းနည်းဖွယ်ရာပါ။ မြေမြှုပ်မိုင်းတွေကို တောတွင်းမှာရော၊ လယ်ကွင်းတွေမှာပါ ထောင်နေတဲ့အတွက် ဒီနေရာတွေမှာ နေ့တဓူဝ ရှန်းကန်နေတဲ့ ပြည်သူတွေကို မလိုလားအပ်တဲ့ ဆိုးကျိုးတွေ ဖြစ်စေပါတယ်။"[၃]

ဤအစီရင်ခံစာထဲတွင် ပါရှိသောအချက်အလက်များနှင့်ပတ်သက်၍ ရန်ကုန်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာရှိ မြန်မာသံတမန်များထံ ပေးပို့ခဲ့သော်လည်း တုံ့ပြန်မှုတစုံတရာ မရရှိခဲ့ပေ။[၄] ၂၀၀၆ ခုနှစ် ဖေဖေါ်ဝါရီလထဲတွင် အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှထုတ်ပြန်သော စစ်အစိုးရနှင့်တွေ့ဆုံဆွေးနွေးရေး အစီ

---

[၃] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် အထူးစုံစမ်းစစ်ဆေးရေးမှူး၏ ကြားဖြတ်အစီရင်ခံစာ "မြန်မာနိုင်ငံ၏ လူ့အခွင့်ရေးအခြေအနေများ" အေ/၆၀/၂၂၁, ၂၀၀၅ ခုနှစ် သြဂုတ်လ ၁၂ ရက်၊ စာပိုဒ် ၇၇ စာမျက်နှာ ၁၇။

[၄] စစ်အုပ်စုက မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ တောင်းဆိုချက်ကို အနည်းအကျဉ်းသာ တုံ့ပြန်ခဲ့သော်လည်း ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းရှုပ်ထွေးမှု၊ အလှမ်းဝေးသော သတ်မှတ်ချက်များနှင့် မပြီးဆုံးသေးသော အုပ်ချုပ်ရေးဌာနများသည် ရှုပ်ထွေးနေသောအကြောင်းအရာများသာ ဖြစ်နေပါသည်။ သို့သော် စစ်အစိုးရမှ နိုင်ငံအတွင်းရှိ မြေမြှုပ်မိုင်းပဋိပက္ခများကို ဖြေရှင်းရမည်ဟု ယူဆလာစေရန် လိုအပ်နေပါသည်။ ၂၀၀၆ ခုနှစ်အတွင်းတွင် သံတမန်ကိုယ်စားလှယ်များနှင့် သတင်းထောက်များကို ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကျော်ဆန်းက ပဲခူးတိုင်းရှိဆေးရုံများကို ခေါ်သွားပြီးမြေမြှုပ်မိုင်းဒဏ်ခံစားနေရသောလူများနှင့် တွေ့ဆုံခွင့်ပေးခဲ့ပါသည်။ ဗိုလ်ချုပ်ကျော်ဆန်းက "အဲဒီမြေမြှုပ်မိုင်းတွေကို ကရင်အမျိုးသားအစည်းအရုံးက ဖန်တီးထားပြီး လူအများအပြားဟာ အသက်တွေဆုံးရှုံးခဲ့ရသလို ခြေလက်အင်္ဂါတွေ ဆုံးရှုံးခဲ့ရပါတယ်။ အစိုးရကတော့ စစ်ပွဲကို မလိုလားပါဘူး။ အဲဒါကြောင့် လုံခြုံရေးစီမံချက်တွေကို ချမှတ်လုပ်ကိုင်နေကြတာပါ။ မြေမြှုပ်မိုင်းတွေကြောင့် ဒုက္ခသည်တွေ ပိုများလာနေတယ်" ဟု ၂၀၀၆ ခုနှစ် မေလ ၁၄ ရက်နေ့ AFP သတင်းတွင် ဖေါ်ပြထားပါသည်။

အစဉ်တွင် မိုင်းတားဆီးရေး တရားဝင်သဘောတူညီချက်ရရှိရေးကို အမျိုးသားရေး အရေးပေါ် အချက်တခုအနေဖြင့် ပါလီမန်တွင် ဆွေးနွေးနိုင်ဖို့ တင်ပြထားသည်။[၅]

ပြည်ပအခြေစိုက် သတင်းဌာနတခုဖြစ်သော ဒီမိုကရက်တစ်မြန်မာ့အသံ မှ ဂြိုလ်တုဆက်သွယ်ရေးဖြင့်ထုတ်လွှင့်သော တီဗွီသတင်းတွင် အထူးသဖြင့် မြေမြှုပ်မိုင်းနှင့် ပတ်သက်သော အစီအစဉ်တခုကို နိုင်ငံတကာ မိုင်းတားဆီးရေးကော်မတီမှ သံတမန် ဂျိုဒီဝီလီယမ်(စ်)နှင့် မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ သုတေသနမှူးတဦးကို အင်တာဗျူးပြုလုပ်ပြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သည်။[၆] ဤသည်မှာ မိုင်းပြဿနာကို လူထုဆက်သွယ်ရေးနည်းနှင့် ပထမဆုံးအကြိမ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် နိုင်ငံအတွင်း ပြည်သူလူထုကို အသိပေးခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မိုင်းတားဆီးရေးလှုံ့ဆော်သည့်အနေဖြင့် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၅ခုနှစ်အစီရင်ခံစာကို မြန်မာဘာသာ ပြန်ဆိုပြီး အုပ်ရေနှစ်ထောင် ထုတ်ဝေဖြန့်ချီခဲ့သည်။[၇] အဆိုပါစာစောင်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံပို့ဆောင်ခဲ့ရာ မြန်မာအကောက်ခွန်ဌာနမှသိမ်းဆည်းခဲ့သည်။[၈] ၂၀၀၅ခုနှစ် နိုဝင်ဘာလထဲတွင် အာရှပုံရိပ်ထုတ်ဝေရေးအဖွဲ့မှ ရောင်ပုန်းနေသော လူသတ်သမား

---

[၅] နိုင်ငံတကာ မြေမြှုပ်မိုင်းတားဆီးရေးအဖွဲ့ လှုပ်ရှားသူများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးအောင်ရွှေနှင့် အတွင်းရေးမှူး ဦးလွင်တို့ ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့စဉ်၊ ၂၀၀၆ ခုနှစ် မတ်လ ၂၃ ရက်နေ့။

[၆] ဒီမိုကရက်တစ်မြန်မာ့အသံ၏ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့ (မြန်မာစံတော်ချိန် ၂၀:၀၀ မှ ၂၁:၀၀)နှင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့ (မြန်မာစံတော်ချိန် ၁၂:၀၀ – ၁၃:၀၀ ) သတင်းထုတ်လွှင့်ချက်။

[၇] "မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှု တားဆီးရေးအဖွဲ့သည် နိုင်ငံတကာ မိုင်းတားဆီးရေးကော်မတီ အဖွဲ့တခုဖြစ်ပြီး လူသားချင်းစာနာသည့်အနေဖြင့် မိုင်းအသုံးပြုမှု လုံးဝရပ်တံ့သွားရန်နှင့် နိုင်ငံတဝှမ်းလုံး အပစ်အခတ်များရပ်စဲသွားရန် ရည်ရွယ်ပြီး ၂၀၀၃ ခုနှစ် နှစ်လည်ပိုင်းမှ စတင်လုပ်ဆောင်ခဲ့သည်။ ဝန်ကြီးအသစ်များ၊ စစ်အုပ်စုမှ အဖွဲ့ဝင်(၁၃)ဦး၊ အတိုက်အခံ နိုင်ငံရေးပါတီများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အဆိုပါ အစီရင်ခံစာကို လက်ခံရရှိခဲ့ကြသည်။ ဤအစီရင်ခံစာဖြန့်ဝေရေးအတွက် တသီးပုဂ္ဂလပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကလည်း ကူညီပေးခဲ့ကြသည်။

[၈] ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလထုတ် နိုင်ငံတကာမိုင်းတားဆီးရေးကော်မတီ အစီရင်ခံစာကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးဖြင့် ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံ ပေးပို့ခဲ့ရာ မြန်မာအကောက်ခွန်ဌာနမှ သိမ်းဆည်းခဲ့သည်။ အဆိုပါအစီရင်ခံစာများ ဖမ်းဆီးခဲ့မှုအပေါ် မြန်မာအာဏာပိုင်များထံ မေးမြန်းခဲ့ပေမဲ့လည်း အဖြေတစုံတရာပြန်ကြားခြင်းမရှိခဲ့ပေ။

အမည်ဖြင့် မြေမြှုပ်မိုင်းဒဏ်ခံစားကြရသူများအကြောင်းကို ဗွီဒီယိုခွေများဖြင့် ထုတ်ဝေဖြန့်ချိခဲ့သည်။[၉]

## မိုင်းများထုတ်လုပ်မှု၊ လွှဲပြောင်းမှုနှင့် သိုလှောင်မှု

နိုင်ငံပိုင်ကုမ္ပဏီတခုဖြစ်သော မြန်မာ့ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးစက်ရုံမှ လူသားရှင်းမိုင်းများကို ထုတ်လုပ်နေသည်။[၁၀] ၂၀၀၅ခုနှစ် နိုဝင်ဘာလထဲတွင် အကြီးစား စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံမှ မိုင်းအသစ်များနှင့် ခဲယမ်းမီးကျောက် ထုတ်လုပ်မှုများအတွက် ပညာရှင်များကို အကူအညီတောင်းခဲ့သည်။ [၁၁]

မြန်မာအာဏာပိုင်များသည် လူသားရှင်းမိုင်းအရေအတွက်၊ မည်သည့် အမျိုးအစားနှင့် မည်၍မည်မျှသိုလှောင်ထားကြောင်းကို ပြောဆိုရန်ငြင်းဆိုသည်။ မြေမြှုပ်မိုင်းလေ့လာရေးဌာန၏ သုတေသနပြုလုပ်ချက်အရ ပြည်တွင်းမှ ထုတ်လုပ်သောမိုင်းအရေအတွက်ထက် ပြည်ပနိုင်ငံများဖြစ်ကြသော တရုတ်၊ အိန္ဒိယ၊ အီတလီ၊ ဆိုဗီယက်၊ အမေရိကန်နိုင်ငံများနှင့် အခြားနိုင်ငံများမှမြေမြှုပ်မိုင်းများကို အသုံးပြုခဲ့သည်။[၁၂] ၂၀၀၅ ခုနှစ် မြေမြှုပ်မိုင်းအစီရင်ခံစာထဲတွင် လွန်ခဲ့သောနှစ်များစွာအတွင်း မြန်မာစစ်တပ်သည် အမေရိကန်လုပ် **M-14** ပုံစံမိုင်းများ အသုံးပြုကြောင်းဖေါ်ပြထားသည်။[၁၃] ဤမိုင်းများ၏ ထုတ်လုပ်မှုအရင်းအမြစ်ကိုမူမသိရှိရပေ။ မြန်မာနိုင်ငံသည် လူသားရှင်း

---

[၉] ၂၀၀၅ ခုနှစ်ထဲထုတ် အဆိုပါမှတ်တမ်းတင် ဒီဗီဒီခွေတွင် ထိုင်း–မြန်မာနယ်စပ်နှင့် တရုတ်–မြန်မာနယ်စပ်မှ ရရှိထားသောအချက်လက်များဖြစ်ပြီး အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများက မြေမြှုပ်မိုင်းစောင့်ကြည့်ရေး သုသေတနအဖွဲ့ကို မိုင်းအမျိုးအစား ခွဲခြားပြထားသည်များလည်း ပါဝင်သည်။

[၁၀] မြန်မာနိုင်ငံမှ တရုတ်နိုင်ငံလုပ်ပုံစံ 59 မြေစိုက်မိုင်းကိုတုပြီး MM1 လက်နက်နှင့် Type 58 ပေါက်ကွဲဖြာထွက်မိုင်းကိုတုပြီး MM2 လက်နက်များ ထုတ်လုပ်သည်။

[၁၁] ဤအချက်အလက်များကို ထိပ်တန်းလျို့ဝှက်နေရာမှ ရရှိခဲ့သည်။ ပထမဆုံးအကြိမ်အဖြစ် မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့သည် အကြီးစား စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံမှရရှိခဲ့သော အချက်အလက်ကို ကိုးကားခြင်းဖြစ်သည်။ ထိုစက်ရုံနှင့် ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်ရေးစက်ရုံတို့ ဆက်သွယ်မှုရှိ၊ မရှိကိုမူ မသိရှိရပေ။

[၁၂] ၂၀၀၄ ခုနှစ်ထုတ် မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာ၊ စာမျက်နှာ ၉၃၈တွင်ကြည့်ရန်။ ပါဝင်သောမိုင်းများ– တရုပ်ပုံ 58, 59, 69, 72A၊ ဆိုဗီယက် POMZ-2, POMZ2M. PMN, PMD6; US M-14, M-16A1, M-18; အိန္ဒိယ၊ ဗြိတိန် LTM-73, LTM-76.

[၁၃] ၂၀၀၅ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာ၊ စာမျက်နှာ ၆၇၉ တွင်ကြည့်ရန်။ ထို့အတူ ဖရီးဘားမားရိန်ဂျာအဖွဲ့၏ ၂၀၀၆ ခုနှစ် ဖေဖေါ်ဝါရီလ ၅ ရက်နေ့တွင် အီးမေးလ်ဖြင့် ပေးပို့ခဲ့သော သက်သေခံဓာတ်ပုံများ။

မိုင်းများတင်ပို့မှုရှိ၊ မရှိကို မသိရသော်လည်း တရားဝင်ကန့် သတ်ထားခြင်း သို့မဟုတ် ပိတ်ပင်ထားခြင်းမရှိပေ။

## အသုံးပြုမှု

မြန်မာစစ်တပ်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ပြည်တွင်းစစ်ကာလတလျှောက်လုံး မြေမြှုပ်မိုင်းများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေခဲ့သည်။ ၂၀၀၅ ခုနှင့် ၂၀၀၆ ခုနှစ်တွင် ကရင်ပြည်နယ်၊ ကယား(ကရင်နီ) ပြည်နယ်များနှင့် ရှမ်းပြည်နယ်တို့တွင် မိုင်းများကို ဆက်လက်အသုံးပြုနေခဲ့သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလထဲတွင် နယကတပ်ဖွဲ့များသည် ကရင်ပြည်နယ်တွင် မြေမြှုပ်မိုင်းများကို ချထားခဲ့ကြသည်။ ခြေလျင်တပ်ရင်း ၄၈သည် ထီးလို ဒေသတွင်လည်းကောင်း၊ ခြေလျင်တပ်ရင်း ၂၀ သည် ဒေးလိုမူတော် ဒေသတွင်လည်းကောင်း၊ တပ်ရင်း ၆၆ သည် ထာတော်ဒေသတွင်လည်းကောင်း မြေမြှုပ်မိုင်းများ ချထားခဲ့သည်။[၁၄] ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် နယက တပ်ရင်းတပ်ဖွဲ့များသည် ကရင်ပြည်နယ်၊ တောင်ငူခရိုင်ရှိ "ထီးဒေါ်ကော်ဒေါ်" ကျေးရွာမှ ပြန်အဆုတ်တွင် မြေမြှုပ်မိုင်းများကို ချထားခဲ့သည်။[၁၅] ကုလသမဂ္ဂ အဆိုအရ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ကရင်ပြည်နယ်၊ သံတောင်မြို့နယ်ကို နယကစစ်တပ်မှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး မြေမြှုပ်မိုင်းများကို ချထားခဲ့သဖြင့် အဆိုပါဒေသမှ လူ ၉၀၀ ထွက်ပြေးခဲ့ရသည်။[၁၆] နယကစစ်တပ်သည် ညောင်လေးပင်ခရိုင်ရှိ ကျေးရွာများကို စက်တင်ဘာလမှ စတင်သိမ်းပိုက်ခဲ့ပြီး လူသားရှင်းမိုင်းများအနည်းဆုံး ၁၅ ခု ထောင်ထားခဲ့သဖြင့် ၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၃) ရက်နေ့တွင် ရွာသူရွာသားများ ထွက်ပြေးခဲ့ကြရသည်။[၁၇]

ပဋိပက္ခဖြစ်ပွားနေသောဒေသမှ အဓမ္မနေရာရွှေ့ပြောင်းခံကြရသည့် လူများကို ဆေးဝါးများနှင့်အခြားအကူအညီပေးနေသော ခရစ်ယာန်သာသနာပြုအဖွဲ့နှင့်

---

[၁၄] ထိုင်း–မြန်မာနယ်စပ်တွင် အလုပ်လုပ်ကိုင်နေသော အဲ(န်)ဂျီအိုအဖွဲ့တဖွဲ့မှ ပေးပို့ခဲ့သော အီးမေးမှ၊ ၂၀၀၆ ခုနှစ် မတ်လ ၂၀ ရက်။

[၁၅] Free Burma Rangers မှ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ (၆) ရက်နေ့တွင် ထုတ်ဝေဖြန့်ချိသော "ရွာသား ၃၀၀ ကျော် ဆက်လက်ပုန်းအောင်းနေခြင်း"

[၁၆] ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်မှ ထုတ်ဝေသော ကုလသမဂ္ဂအထူးကိုယ်စားလှယ် ပေါ်လို ဆာဂျီယို ပင်ဟဲရိုး၏ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ E/CN.4/2004/34, ၂၀၀၆ ဖေဖော်ဝါရီ (၇)ရက်၊ စာပိုဒ် (၁၀၄)၊ စာမျက်နှာ (၂၃)။

[၁၇] Free Burma Rangers အဖွဲ့၏ "ပြည်တွင်း အဓမ္မနေရာပြောင်းရွှေ့ခံရသူများ၏ အခြေအနေ" ၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၂၃)။

ဖရီးဘားမားရိန်ဂျာအဖွဲ့သည် မြန်မာစစ်တပ်မှ စစ်ဆင်ရေးတခုအနေဖြင့် မိုင်းများစွာကို ချနေကြောင်း အစီရင်ခံစာထုတ်ပြန်ခဲ့သည်။ ဖရီးဘားမားရိန်ဂျာအဖွဲ့၏အဆိုအရ ၂၀၀၆ ခုနှစ် အစောပိုင်းကာလတွင် မြန်မာစစ်တပ်သည် ကရင်ပြည်နယ်၊ တောင်ငူခရိုင်၊ ဘော်ဂလဲကြီး (ကလာလား) ဒေသ၏ အရှေ့ဖက်တွင် မိုင်း ၂၀၀၀ ချထားခဲ့သည်ဟုဆိုသည်။ ရွာသူရွာသားများအဆိုအရ စစ်တပ်သည် အဆိုပါဒေသတခုလုံးတွင် မိုင်းများကို ဖယ်ရှားလိုက်၊ ဖြန့်ချထားလိုက်လုပ်နေပြီး ရွာသူရွာသားများအား ၂၀၀၆ ဇန်နဝါရီလ ၁၆ရက်နေ့မှစတင်ပြီး အဆိုပါဒေသကို ထွန်ယက်စိုက်ပျိုးကြရန် အမိန့်ပေးထားခဲ့သည်။[၁၈] ၂၀၀၆ခုနှစ် နှစ်လည်ကအတိုင်း တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားနေခဲ့သည်။

၂၀၀၆ ခုနှစ် မေလထဲတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ပြည်သူအများအပြားသည် ကရင်ပြည်နယ်စပ်တလျှောက် မြန်မာစစ်တပ်မှ ထောင်ထားသော မိုင်းများမှ လွတ်မြောက်စေရန် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံလာခဲ့ကြောင်း အစီရင်ခံခဲ့သည်။ ဤအဖြစ်အပျက်များသည် ၁၉၉၇ခုနှစ် နိုဝင်ဘာလမှစတင်ခဲ့သော စစ်ပွဲများထဲတွင် အကြီးမားအပြင်းထန်ဆုံး စစ်ပွဲဖြစ်ပြီး အိမ်များကိုမီးရှို့၊ လုယက်၊ မိုင်းများထောင်ခြင်း စသည့်နည်းများဖြင့် အဆိုပါဒေသများမှ ပြည်သူများကို ခြိမ်းခြောက်နေခဲ့သည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အဆိုအရ အဆိုပါဒေသတွင် မိုင်းအရေအတွက်စုစုပေါင်း ၂၀၀၀ ချထားခဲ့ပြီး စားနပ်ရိက္ခာများ၊ အိမ်အသုံးအဆောင်များအပါအဝင် အခြားလူသားချင်းစာနာသည့် အကူအညီများကို မပေးနိုင်စေရန် ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။[၁၉]

Free Burma Rangers နှင့် အခြားအသိအမှတ်ပြုခံရသောအဖွဲ့ ၃ ဖွဲ့တို့မှ မြန်မာစစ်တပ်သည် တောင်ပိုင်းကရင်နီဒေသနှင့် မြောက်ပိုင်းကရင်ပြည်နယ်တို့၏ အမိကတောင်ပေါ် လူသွားလမ်းများတွင် မိုင်းများကို စနစ်တကျထောင်ထားခဲ့သလို ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် M-14 အမျိုးအစားမိုင်းများကို အသုံးပြုမှုပိုမိုများလာခဲ့ကြောင်း အစီရင်ခံစာ ရေးသားထုတ်ပြန်ခဲ့သည်။

---

[၁၈] Free Burma Rangers အဖွဲ့ ပေးပို့သော အီးမေးလ်၊ ၂၀၀၆ ခုနှစ် မတ်လ ၉ ရက်နေ့။

[၁၉] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲမှ ထုတ်ပြန်ကြေငြာချက် "မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအနေဖြင့် ကရင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများ အဆုံးသတ်သွားစေရန်၊ ပဋိပက္ခဖြစ်ပွားနေရာမှ ထွက်ပြေးတိမ်းရှောင်လာသော ဒေသခံပြည်သူများ စစ်တပ်မှ အသုံးပြုထားသော မိုင်းများရန်မှ ကာကွယ်ပေးမှုများ လုပ်ဆောင်ပေးသင့်ကြောင်း။" နယူးယောက်မြို့၊ ၂၀၀၆ ခုနှစ်၊ မေလ ၃ ရက်။

စစ်တောင်းမြစ်ရှိရာ တောင်ငူခရိုင်၏ အရှေ့မြောက်ဘက် ၁၂ မိုင်အကွာ ခန့်ရှိ ရေအားလျှပ်စစ်ဓါတ်အားစက်ရုံတည်ရှိသော နေရာဒေသတွင် နယက စစ်တပ်မှ မိုင်းများ ချထားခဲ့သည်။ အဆိုပါဒေသအတွင်းရှိ တောင်သူလယ်သမားများသည် ရေကာတာဆောက်လုပ်မှုနှင့် မိုင်းများချထားမှုကြောင့် အတင်းအဓမ္မ နေရာပြောင်းရွှေ့ခံခဲ့ကြရသည်။ မွန္တလေးတိုင်း၊ ပျဉ်းမနားမြို့အနီး လူနေထူထပ်သောနေရာများတွင်လည်း မိုင်းများကိုချထားသည်။[၂၀]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ

မြန်မာနိုင်ငံအတွင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များရှိပြီး[၂၁] ယင်းတပ်ဖွဲ့များတွင် ခန့်မှန်းခြေတပ်သားပေါင်း ၄၅၀၀၀ ခန့်ရှိသည်။[၂၂] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏သုတေသနပြုချက်အရ အနည်းဆုံး အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့တို့သည် ၁၉၉၉ ခုနှစ်ကတည်းက လူသားရှင်းမိုင်းများကို အသုံးပြုနေခဲ့ပြီး အချို့အဖွဲ့များသည် မိုင်းများကို ဆက်လက်အသုံးမပြုတော့ကြောင်း သိရသည်။

၂၀၀၅ ခုနှစ်တွင် လူသားများကိုကာကွယ်သည့် သုတေသနပြုလုပ်ချက်အရ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များပြောဆိုရာတွင် မြေမြှုပ်မိုင်းများကြောင့် လူသားများ၏ အသက်အန္တရာယ်ကို ထိခိုက်ဆုံးရှုံးစေနိုင်သည်ဟုဆိုသော်လည်း အစိုးရတပ်ဖွဲ့များ၏အန္တရာယ်ကို ခုခံရန်အတွက်နှင့် ကိုယ့်ကိုယ်ကို ကာကွယ်ရန်အတွက် မြေမြှုပ်မိုင်းများလိုအပ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။[၂၃] ၂၀၀၅ ခုနှစ် စက်တင်ဘာလထုတ် ဧရာဝတီမဂ္ဂဇင်းတွင် ကရင်နီတပ်မှူးတဦးက "မိုင်းတွေဟာ ကျနော်တို့ အသိုင်းအဝိုင်းကို အများကြီးထိခိုက်စေခဲ့တယ်ဆိုတာ ကျနော်တို့သိပါတယ်။ ဒါပေမဲ့ ကျ

---

[၂၀] ပျဉ်းမနားမြို့အနီးတွင် မိုင်းများချထားခဲ့သည်ဟု ကရင်အမျိုးသားအစည်းအရုံးမှ စွပ်စွဲခဲ့သည်။ "Irrawaddy Online Edition, 2 Febreuary 2006, www.irrawaddy.org.

[၂၁] နယက သည် ငြိမ်းချမ်းရေးအတွက် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များကို အစိုးရပိုင်ဝက်ဆိုက်တွင် ယခင်က စာရင်းပြုစု ဖော်ပြထားခဲ့ပြီး၊ ၂၀၀၅ ခုမှစ၍ ရပ်တဲ့ခဲ့သည်။ ၂၀၀၄ ခုတွင် နောက်ဆုံးဖော်ပြခဲ့သည်။ www.myanmar.com/peace/other4.html.

[၂၂] အပြည်ပြည်ဆိုင်ရာ မဟာဗျူဟာလေ့လာရေး ဌာန (**IISS**)က အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် မိုင်းအရေအတွက် စုစုပေါင်း ၄၅၀၀၀ ကို အသုံးပြုခဲ့သည်ဟု သိရသည်။ **IISS** မှ ထုတ်ဝေခဲ့သည့် ၂၀၀၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း စစ်မှုရေးရာ အင်အား ချိန်ခွင်လျှာ၊ စာမျက်နှာ ၄၃၀ နှင့် ၄၃၁။

[၂၃] ထိုင်းမြန်မာနယ်စပ် ပူပေါင်းဆောင်ရွက်ရေးကော်မတီ၏ "ပြည်တွင်း နေရာပြောင်းရွှေ့မှုနှင့် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသ အကာအကွယ်ပေးရေး" ၂၀၀၅ ခုနှစ် အောက်တိုဘာလ၊ စာမျက်နှာ ၆၀။

နော်တို့ ဘာလုပ်ရမှာလဲ။ ဒါဟာစစ်ပွဲလေ။ ကျနော်တို့က ရန်သူတွေသုံးသလို လက်နက်တွေနဲ့ သူတို့ကို ပြန်တိုက်ရမှာဘဲ”ဟုဖေါ်ပြခဲ့သည်။[၂၄] ထို့အပြင် ၂၀၀၅ ခုနှစ် နိုဝင်ဘာလထုတ် ရောဝတီမဂ္ဂဇင်းထဲတွင် “စစ်လက်နက်ကရိယာတွေ အလုံအလောက် မရှိတဲ့အတွက် ကရင်သူပုန်တွေဟာ သူတို့နယ်မြေတွေကို ထိမ်းထားနိုင်ဖို့ မြေမြှုပ်မိုင်းတွေကို အသုံးပြုရမှာဘဲ” ဟုဖော်ပြထားသည်။[၂၅]

၂၀၀၆ ခုနှစ် မတ်လထဲတွင် ဂျီနီဗာတောင်းဆိုရေးအဖွဲ့ကို ထိုင်း–မြန်မာ နယ်စပ်တွင်ဖွဲ့စည်းခဲ့ပြီး မိုင်းတားဆီးရေးနှင့်ပတ်သက်၍ တော်လှန်ရေးအဖွဲ့အစည်း များနှင့်တွေ့ဆုံခဲ့ရာတွင်အချို့မှာ စိတ်ဝင်စားမှု ရှိခဲ့ကြသည်ဟုဆိုသည်။[၂၆]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ အသုံးပြုမှု

ကရင်လွတ်မြောက်ရေးတပ်၊ ကရင်နီတပ်မတော်၊ ရှမ်းပြည်တပ်မတော်တောင်ပိုင်း၊ ချင်းအမျိုးသားတပ်မတော်၊ ညီညွတ်သော ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာအဖွဲ့နှင့် အခြားလက်နက်ကိုင်အဖွဲ့ပေါင်း များစွာတို့သည် လူသားရှင်းမိုင်းများကို ၂၀၀၅ ခုနှင့် ၂၀၀၆ ခုနှစ်အထိ ဆက်လက်အသုံးပြုနေကြကြောင်း သိရသည်။ ပဋိပက္ခဖြစ်နေသည်ကို အကြောင်းပြပြီး ကရင်လွတ်မြောက်ရေးအဖွဲ့ကဲ့သို့ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ယခုအစီရင်ခံစာရေးသားနေခိုက်တွင် မိုင်းများကိုတွင်တွင်ကျယ်ကျယ် အသုံးပြုနေဆဲဖြစ်သည်။

၂၀၀၅ ခုနှစ် အစောပိုင်းကာလတွင် ရှမ်းပြည်တပ်မတော်တောင်ပိုင်းအဖွဲ့ **(SSA-S)** သည် ယခင်က ထိုးစစ်များမရှိခဲ့သော ရှမ်းပြည်အရှေ့ဖက်ပိုင်းသို့ ပြောင်းရွှေ့ခဲ့သည်။ သက်ဆိုင်ရာဒေသခံများ၏ အပြောအရ ရှမ်းပြည်တပ်မတော် တောင်ပိုင်းအဖွဲ့ **(SSA-S)**သည် အနည်းဆုံးနေရာ ၂ ခုတို့တွင် မြေမြှပ်မိုင်းများ ချထားခဲ့သဖြင့် အဆိုပါဒေသမှ ပြည်သူများ ထိခိုက်ခံစားခဲ့ကြရသည်။ ၂၀၀၅ ခုနှစ် ဖေဖေါ်ဝါရီလထဲတွင် လူ ၅ဦး သေဆုံးခဲ့သည်။ မတ်လထဲတွင် အခါအမျိုးသမီးတယောက် ထိခိုက်သေဆုံးခဲ့ပြီး သာမန်အရပ်သားတဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလထဲတွင် နယကာ အားပေးထားသောတပ်ဖွဲ့နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်းအဖွဲ့ **(SSA-S)**

---

[၂၄] “မြန်မာ့ လူသတ်ကွင်း”၂၀၀၅ ခုနှစ် စက်တင်ဘာလထုတ် ရောဝတီ မဂ္ဂဇင်း၊ စာမျက်နှာ ၁၀ နှင့် ၁၁ တွင်ကြည့်။

[၂၅] “ငြိမ်းချမ်းရေး၏ နိုင်ငံရေး” ၂၀၀၅ ခုနှစ် နိုဝင်ဘာလထုတ် ရောဝတီ မဂ္ဂဇင်း စာမျက်နှာ ၈ မှ ၁၀ အထိ။

[၂၆] ဂျီနီဗာမြို့မှ **Anki Sjoberg** ၏ ၂၀၀၆ ခုနှစ် ဇွန်လ (၂၇) ရက်နေ့တွင် ပေးပို့သော အီးမေး။

တို့ တိုက်ပွဲဖြစ်ပွါးသည်။ ကားလမ်းမတွင်း ရှမ်းပြည်တပ်မတော် (SSA)မှ ထောင်ထားသောမြေမြှုပ်မိုင်းကြောင့် အစိုးရစစ်တပ်ပိုင် ယာဉ်နှစ်စီး ဆုံးရှုံးပျက်စီးခဲ့သည်။[၂၇]

ချင်းအမျိုးသားတပ်မတော် တပ်မှူးတဦးက မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့ကို ပြောဆိုရာတွင် သူတို့ကင်းလှည့်သွားရာ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့(ရှ်)နှင့် မြန်မာနိုင်ငံတို့ဆုံရာ သုံးပွင့်ဆိုင်ဒေသများတွင် မိုင်းများကို ချထားခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် အဆိုပါဒေသမှ သူတို့ပြန်လည်ထွက်ခွာသည့်အခါ ထိုမိုင်းများကို ပြန်လည်ဖယ်ရှားခဲ့သည်ဟု ပြောဆိုခဲ့သည်။ သူတို့တွင် မိုင်းများမရှိပါက တိုက်ကြိုးများကို ထောင်ခဲ့ကြသည်ဟု ပြောပြသည်။ သူတို့အနေနဲ့ နယကတပ်သားများ ကြောက်လန့်စေရန် မြေမြှုပ်မိုင်းများ ထောင်ထားခဲ့သည်ဟု ကောလဟာလသတင်းများ ထုတ်လွှင့်ခဲ့သည်ဟု ဆိုသည်။[၂၈]

ညီညွတ်သောဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော်သည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွင်းနှင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီလအတွင်းတွင် ထိုင်းနိုင်ငံနှင့် နယ်စပ်ခြင်းထိစပ်နေသည့်ဒေသတွင် အသစ်ချထားသော လမ်းမိုင်းများအန္တရာယ်နှင့် ပတ်သက်ပြီး ရွာသားများကိုပြောဆိုခဲ့ရာ ရွာသားများအနေနှင့် ထိုင်းနယ်စပ်မှ အဆိုပါဒေသတလျှောက် မသွားလာနိုင်တော့ဟုဆိုသည်။ ဒေသခံများအနေနှင့် "သာဆောင်" စစ်ဆေးရေးဂိတ်သို့ သွားရောက်ကြရာတွင် လုံခြုံရေးအစောင့်အရှောက်များဖြင့် သွားရောက်ကြရသည်ဟု သိရသည်။[၂၉]

၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ တပ်မတော်မှ ကရင်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၃ ရွာ အနီးတွင် မိုင်းများ ချထားခဲ့ကြောင်း သိရသည်။[၃၀]

အခြားအစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များအနေဖြင့် မိုင်းများအသုံးပြုနေကြောင်းကို အတည်မပြုနိုင်ပေ။[၃၁] ယခင်က မိုင်းများအသုံးပြုခဲ့သည့် လက်နက်

---

[၂၇] ရှမ်းပြည်အတွင်း အလုပ်လုပ်ကိုင်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တဖွဲ့နှင့် အင်တာဗျူးပြုလုပ်ခြင်း။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်။

[၂၈] အိန္ဒိယနိုင်ငံ၊ ဒေလီမြို့တွင် ချင်းအမျိုးသားတပ်မတော် (CNF) တပ်မှူးတဦးနှင့် အင်တာဗျူးပြုလုပ်ခြင်း။ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့။

[၂၉] ရှမ်းပြည်နယ်ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့တခုမှ ပုဂ္ဂိုလ်တဦးနှင့် အမေးအဖြေပြုလုပ်ခြင်း။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်။ ဤအချက်အပေါ်မူတည်ပြီး ရွာသူ၊ ရွာသားများသည် သူတို့ လွတ်လပ်လာပါက တောင်ပေါ်တွင်အမည်းလိုက်လိုကြောင်းနှင့် နယ်စပ် တဖက်ရှိ ဆွေမျိုးများထံသွားရောက်လည်ပတ်လိုကြောင်း သိရသည်။

[၃၀] Free Burma Rangers အဖွဲ့မှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် အီးမေးလ်ဖြင့် ရေးသားပေးပို့ခဲ့သော "နအဖနှင့် ဒီကေဘီအေတို့၏ ကျူးလွန်ခဲ့သော မတရားမှုများ"။

ကိုင်အဖွဲ့အချို့သည် စစ်တိုက်ခိုက်ရေးအဖွဲ့ အသွင်မျိုးဆောင်နေဆဲ ဖြစ်သော်လည်း တချို့မှာ ခေါးပြအဖွဲ့အဖြစ်များအဖြစ်သို့ ပြောင်းလဲသွားကြသည်။[၂၁] ယခင်က လူသားရှင်းမိုင်းများကို အသုံးပြုခဲ့သော လက်နက်ကိုင်အဖွဲ့တဖွဲ့သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် မိုင်းသုံးစွဲခြင်း သို့မဟုတ် မိုင်းပိုင်ဆိုင်ခြင်းကို စွန့်လွှတ်ရေးနှင့်ပတ် သက်သော ဂျီနီဗာတောင်းဆိုချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ခုနှစ်တွင် လက်နက် ကိုင်တိုက်ခိုက်သည့် လှုပ်ရှားမှုကိုရပ်လိုက်ပါသည်။[၂၂] ၂၀၀၅ ခုနှစ်တွင် ဘင်္ဂလားဒေ့ (ရှ်)–မြန်မာနယ်စပ်တလျှောက်၌ အခြေစိုက်နေကြသော နိုင်ငံရေးအဖွဲ့အစည်းများ သည် ယခင်က လက်နက်ကိုင်တော်လှန်ရေးအဖြစ် လှုပ်ရှားခဲ့ကြပြီး ယခုအချိန်တွင် လက်နက်ကိုင်လှုပ်ရှားမှုကို စွန့်လွှတ်လိုက်သည်။ လက်နက်ကိုင်ခြိမ်းခြောက်မှုလိုမျိုးထင်ထင်ရှားရှား သီးခြားရပ်တည်သည့်အရာများ ယခုချိန်တွင် ပျောက်ကွယ်သွားပြီဖြစ်ကြောင်း မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ အစီအရင်ခံစာတွင် ဖော်ပြထားသည်။[၂၃]

၂၀၀၅ခုနှစ် အစောပိုင်းကာလတွင် နယကနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ တွေ့ဆုံဆွေးနွေးနေစဉ်တွင် နယကတပ်များသည် လမ်းခရီးတလျှောက်လုံး မိုင်းများကို လုံးဝကြောက်ရွံ့မှုမရှိခဲ့ကြောင်း သိရသည်။[၂၄] သို့ရာတွင် အဆိုပါတွေ့ဆုံ ဆွေးနွေးမှုသည် ၂၀၀၆ခုနှစ် မတ်လထဲတွင် ရပ်တံ့နေခဲ့ပြီး ကရင်အမျိုးသားအစည်းအရုံးမှ ခေါင်းဆောင်တယောက်နှင့် မြေမြှုပ်မိုင်းတားဆီးရေးအဖွဲ့တို့ တွေ့ဆုံခဲ့ရာတွင် “နအဖ နဲ့ က

---

[၂၀] ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့၊ ကရင်နီအမျိုးသား ညီညွတ်ရေးတပ်ဦး၊ ကရင်ပြည်သစ်ပါတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး တို့သည် ယခင်က မိုင်းအသုံးပြုမှုရှိခဲ့ပြီး နောက်ပိုင်းတွင် မည်သည့်အဖွဲ့ကမျှ မိုင်းများကို အသုံးမပြုကြတော့ မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ ယခင်အစီရင်ခံစာ၌ဖော်ပြသည်။ သို့ရာတွင် ယခု အစီရင်ခံစာရေးသား ချိန်တွင်တော့ မိုင်းများကိုတကယ်အသုံးပြုခြင်း ရှိ၊ မရှိ မသေချာပေ။

[၂၁] ဟံသာဝတီနိုင်ငံ ပြန်လည်တည်ဆောက်ရေးပါတီ၊ ပြည်သူ့ကာကွယ်ရေးတပ်နှင့် တပ်ပေါင်းစုတခု၏ လက်အောက်ရှိ အဖွဲ့အစည်းငယ် အစုတစုသည် ဆက်လက်ရပ်တည်ခြင်း မရှိတော့ပါ။ မွန်ပြည်သစ်ပါတီသည် မိုင်းအသုံးပြုသည့် အဖွဲ့တဖွဲ့အဖြစ် ယခင်ကသတ်မှတ်ခံခဲ့ရသော်လည်း ယခုလောလောဆယ်တွင် သုံးစွဲခြင်းမရှိဟု ငြင်းဆိုပါသည်။ သို့သော် သုံးစွဲခြင်းကိုမစွန့်သေးပါ။ မိုင်းများကို စုဆောင်းထားသည်ဟုတော့ ဝန်ခံပါသည်။

[၂၂] မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့သည် ရခိုင်ရိုဟင်ဂျာ အမျိုးသားအဖွဲ့မှ ယခင်ခေါင်းဆောင်ဟောင်းများနှင့် ၂၀၀၄ ခုနှစ်အတွင်း ဒေသအများအပြားတွင် တွေ့ဆုံမေးမြန်းခဲ့သည်။

[၂၃] မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့သည် NUPAနှင့် ရခိုင်ရိုဟင်ဂျာ အမျိုးသားအဖွဲ့တို့နှင့် ၂၀၀၅ ခုနိုင်ဝင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ တွေ့ဆုံမေးမြန်းခဲ့သည်။

[၂၄] ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ “ရှေ့တန်းမှ အစီရင်ခံစာ” KHRG#2005-F3, ၂၀၀၅ခု မတ်လ ၂၂ရက်၊ www.khrg.org/khrg2005/khrg05f3.html.

ရင်အမျိုးသားအစည်းအရုံးတို့ တွေ့ဆုံဆွေးနွေးမှုဟာ အကြောင်းအမျိုးမျိုးကြောင့် မိုင်းကိစ္စရောက်သွားခဲ့ပါတယ်။ နအဖက မိုင်းတွေထောင်နေချိန်မှာ ကရင်အမျိုးသား အစည်းအရုံးက မိုင်းတွေရဲ့အန္တရာယ်ကနေ ကာကွယ်နေခဲ့ရပါတယ်။ အခုဆိုရင် နေရာအတော်များများမှာ လူသူမရှိဖြစ်နေရပါပြီ။ ထိုင်းမြန်မာနယ်စပ်ကို ထွက်မပြေးနိုင်တဲ့လူဆိုလို့ နယကက လူတွေဘဲရှိတော့တယ်”[၃၆] ဟု ကေအန်ယူ ခေါင်းဆောင်တဦးမှ ပြောဆိုခဲ့သည်။

၂၀၀၅ ခုနှစ် နိုဝင်ဘာလထဲတွင် အိန္ဒိယသူပုန်များအခြေစိုက်ရာ မြန်မာနိုင်ငံ အနောက်မြောက်ဘက် စစ်ကိုင်းတိုင်းအတွင်းရှိ မြို့သစ်၊ ဆရာစံ၊ မင်းသားနှင့် မင်းသမီးတောင် နယ်စပ်တလျှောက်တွင် အိန္ဒိယစစ်သားများ၏ ရန်မှကာကွယ်ရန်နှင့် ၎င်းတို့မလာနိုင်ရန် မိုင်းများထောင်ထားခဲ့ကြပါသည်။ အဆိုပါမိုင်းများကြောင့် ကူကီးရွာသားများနှင့် ၎င်းတို့၏တိရိစ္ဆာန်များသည် ဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရသည်။[၃၇]

## အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များ၏ ထုတ်လုပ်မှု၊ ရွှေ့ပြောင်းမှုနှင့် သိမ်းဆည်းသိုလှောင်မှု

ယုံကြည်ရသောဒေသခံများအဆိုအရ ဝပြည်သွေးစည်းညီညွတ်ရေးတပ်သည် ယခင်က ဗမာပြည်ကွန်မြူနစ်ပါတီပိုင်ဆိုင်ပြီး တရုတ်အစိုးရ၏ အကူအညီနှင့် တည်ဆောက်ထားသောစက်ရုံမှမိုင်းများကို ထုတ်လုပ်နေခဲ့သည်။ အဆိုပါစက်ရုံမှ PMN ပုံစံမိုင်းများ၊ ခဲယမ်းမီးကျောက်များနှင့် အခြားလက်နက်များကို ထုတ်လုပ်ခဲ့သည်။ အဆိုပါစက်ရုံသည် ခမ်းမြစ်ဖျားတွင်ရှိသော ပါးဆဲ(န်) အနောက်ဘက်တွင် တည်ရှိသည်။[၃၈]

မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့သည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာတပ်မတော်၊ ချင်းအမျိုးသားတပ်ဦးနှင့် ကရင်နီတပ်မတော်တို့သည် ပေါက်ကွဲဖြာထွက်မိုင်းများကို ထုတ်လုပ်နေခဲ့ကြောင်း ယခင်ကထုတ်ပြန်ခဲ့သည်။[၃၉]

---

[၃၆] ကရင်ခေါင်းဆောင်တယောက်နှင့် တွေ့ဆုံမေးမြန်းခြင်း။ ၂၀၀၅ ခုနှစ် မတ်လ (၁၀) ရက်နေ့။

[၃၇] “မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသရှိ မဏိပူသူပုန်များမှ ထောင်ထားခဲ့သောမိုင်းကြောင့် ကူကီးတိုင်းရင်းသားများ သေဆုံးခဲ့သည်” ၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၂၃) ရက်နေ့၊ ဒီမိုကရက်တစ်မြန်မာ့အသံမှ သတင်းထုတ်လွှင့်ချက်။

[၃၈] ၂၀၀၆ ခုနှစ် ဇန်နဝါရီလ (၁၁) ရက်နေ့တွင် ရှမ်းပြည်နယ်တွင် အလုပ်လုပ်ကိုင်နေကြသော ဖွံ့ဖြိုးရေးဆိုင်ရာလုပ်သားများနှင့် အင်တာဗျူးပြုလုပ်ခြင်း။

[၃၉] ၂၀၀၄ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏အစီရင်ခံစာ၊ စာမျက်နှာ ၉၃၉။

အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် နယကစစ်တပ်မှ မြှုပ်ထားသောမိုင်းများကို ပြန်လည်ဖော်ယူသည့် နည်းဖြင့်လည်းကောင်း၊ နယကစစ်တပ်ကို တိုက်ပြီး သူတို့လက်ထဲကမိုင်းများကို သိမ်းဆည်းယူသည့် နည်းဖြင့်လည်းကောင်း၊ လက်နက်မှောင်ခိုဈေးကွက်မှ ဝယ်ယူသည့် နည်းဖြင့်လည်းကောင်း မိုင်းများကိုရရှိသည်။[၄၀] အချို့သော အတိုက်အခံအဖွဲ့များသည် လူသားရှင်းများကို အသုံးပြုနေသော နယကနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူထားသည်။[၄၁]

## မြေမြှုပ်မိုင်းများနှင့် ယခင်ကျန်ရှိနေသည့် မိုင်းလက်နက်များ၏ပြဿနာ

မြေမြှုပ်မိုင်းများကို အထူးသဖြင့် ထိုင်း၊ ဘင်္ဂလားဒေ့(ရှ်)၊ အိန္ဒိယနယ်စပ်နှင့် နိုင်ငံ၏အရှေ့ဖက်ရှိ ဆယ်စုနှစ်များစွာမှ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုတိုက်ပွဲဝင်နေကြသော တိုင်းရင်းသားတို့၏ဒေသများတွင် အများအပြားအသုံးပြုထားသည်။[၄၂] ပြည်နယ်နှင့်တိုင်း ၁၄ ခုအနက် အနည်းဆုံး ၉ ခုတို့တွင် အထူးသဖြင့်လူသားရှင်းမိုင်းများကို ထောင်ထားသည်။[၄၃] မြန်မာနိုင်ငံသည် ERW ဟု ခေါ်ကြသော ယခင်စစ်ပွဲများမှ ကျန်မိုင်းများ၏ အန္တရာယ်ကလည်း ရှိနေသေးသည်။[၄၄]

ထိုင်းမြန်မာနယ်စပ်နှင့် ဘင်္ဂလားဒေ့(ရှ်)မြန်မာနယ်စပ်တို့တွင် မိုင်းများကို အတော်များများချထားပြီး အိန္ဒိယနယ်စပ်ဖြစ်သော မီဇိုရမ်နှင့်ကပ်နေသော မဏိပူရ

---

[၄၀] ၂၀၀၄ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏အစီရင်ခံစာ၊ စာမျက်နှာ ၉၃၉–၉၄၀။

[၄၁] တဒါဇင်ခန့်ရှိသော လက်နက်ကိုင်အဖွဲ့အစည်းများသည် နယကအဖွဲ့နှင့် အပစ်အခတ် ရပ်စဲရေးကို နှုတ်အားဖြင့် သဘောတူထားကြသည်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့များဟု သုံးနှုန်းပြောဆိုနေ ပေမဲ့လည်း ငြိမ်းချမ်းရေးသဘောတူစာချုပ်ကိုမူ တရားဝင်လက်မှတ်ရေးထိုးခြင်း မရှိပေ။ ထိုအဖွဲ့အားလုံးသည် လက်နက်များ၊ လူသားရှင်းမိုင်းများကို ဆက်လက် အသုံးပြုနေကြသည်။

[၄၂] ကရင်ပြည်နယ်၊ ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ ရှမ်းပြည်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းတို့သည် မိုင်းများဖြင့် ပြည့်နှက်နေသော ဒေသများဖြစ်ကြသည်။ ရခိုင်ပြည်နယ်တွင်လည်း မိုင်းကွင်းများရှိနေသည်။ ထို့အတူ ဘင်္ဂလားဒေ့(ရှ်) နယ်စပ်တွင်လည်း မိုင်းများထောင်ထားလေသည်။ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင်လည်း မိုင်းတချို့ ချထားသည်ဟု သိရသည်။

[၄၃] ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင် မိုင်းများကိုချထားလေသည်။ မြေမြှုပ်မိုင်း စောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ။ ၂၀၀၃ ခုနှစ်၊ စာမျက်နှာ ၅၆၅။

[၄၄] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ။ ၂၀၀၄ ခုနှစ်၊ စာမျက်နှာအမှတ် ၉၄၄ တွင်ကြည့်ရန်။

ပြည်နယ်တို့တွင်လည်း မိုင်းများကို ချထားကြောင်းသိရသည်။[၄၅] အိန္ဒိယနိုင်ငံနှင့် နယ်နမိတ်ချင်းထိစပ်နေသော ချင်းပြည်နယ် တန်းဇန်မြို့နယ်ထဲတွင် မြေမြှုပ်မိုင်းဒဏ်ကို အဆိုးရွားဆုံးခံရပြီး အထူးသဖြင့် ဒေါ(န်) ရွာအနီးတွင် ဖြစ်သည်။ ထန်တလန်မြို့နယ် တီယို မြစ်တလျှောက်နေထိုင်ကြသော ဒေသခံပြည်သူများသည် လယ်ယာလုပ်ငန်းများကို မလုပ်နိုင်ပဲ ပစ်ထားခဲ့ရသည်။[၄၆]

သုံးနိုင်ငံဆက်စပ်နေသော အိန္ဒိယ၊ မြန်မာနှင့် ဘင်္ဂလားဒေ့(ရှ်) နယ်စပ်တွင် မိုင်းအတော်များများ ချထားသည်ဟု သိရသည်။ ယခင် ချင်းအမျိုးသားတပ်ဦး၏ ဌာနချုပ်ဖြစ်သော "ဝိတိုရီးယားစခန်း"သည် သုံးပွင့်ဆိုင်နယ်စပ်တွင် ရုံးစိုက်ထားရာ အဆိုပါဒေသတဝိုက်တွင် မိုင်းအများအပြားချထားသည်ဟု အိန္ဒိယတပ်နှင့် ချင်းအမျိုးသားတပ်တို့က ပြောဆိုသည်။ ချင်းပြည်နယ်ရှိ ပလက်ဝနှင့် ကပ်နေသောဒေသတွင် မိုင်းများချထားပြီး မြန်မာစစ်တပ်ရော၊ သူပုန်တပ်ဖွဲ့များပါ မိုင်းဒဏ်ခံစားခဲ့ရသည်။[၄၇]

ကုလသမဂ္ဂအဖွဲ့သည် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ် အစောပိုင်းတွင် အကူအညီပေးရေးလုပ်ငန်းများ ပိုမိုတိုးချဲ့၍ လုပ်ကိုင်လာခဲ့သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း ကလောမြို့ အနီးတဝိုက်တွင်လည်းကောင်း၊ မိန်းပန်မှ မိန်းတုန်ဒေသသည်လည်းကောင်း၊ လားရှိုးမြို့ အရှေ့ဖက်ဒေသသည်လည်းကောင်း မိုင်းအများအပြားထောင်ထားသည့် ဒေသများဖြစ်သည်ဟု ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂနယ်မြေတာဝန်ခံမှ အစီရင်ခံထားသည်။[၄၈] နယကမှ အုပ်ချုပ်နေသော ဒေသမဟုတ်သည့် ကျောက်မျက်ရတနာ တူးဖော်သည့်ဒေသများနှင့် ကရင်နီပြည်နယ် အလယ်ပိုင်းရှိ လောပိတရေအားလျှပ်စစ် ထုတ်လုပ်ရေးစက်ရုံကဲ့သို့ အခြေခံအဆောက်အဦးများရှိရာ နေရာများတွင်လည်း မကြာခဏ မိုင်းထောင်ထားကြသည်။ အချို့နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးကိစ္စများ စီစဉ်ခဲ့သော်လည်း မိုင်းများကြောင့် မအောင်မြင်ခဲ့ပေ။[၄၉] ၂၀၀၆ ခုနှစ် မေလထဲတွင် ထိုင်းနယ်စပ်ရှိ သံလွင်မြစ်ပေါ်တွင် ထူးကြီးရေကာတာ

---

[၄၅] မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာများတွင် မိုင်းထောင်ထားသည့် နေရာများစွာသည် ယခုလည်း ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၄ ခုနှစ်အစီရင်ခံစာ၊ စာမျက်နှာ ၉၄၀–၉၄၁။ ၂၀၀၃ ခုနှစ်အစီရင်ခံစာ စာမျက်နှာ ၅၆၅–၅၆၆။

[၄၆] လက်နက်ကိုင်အဖွဲ့များနှင့် အင်တာဗျူးပြုလုပ်ခြင်း အိန္ဒိယနိုင်ငံ၊ ဒေလီ ၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်။

[၄၇] လက်နက်ကိုင်အဖွဲ့များနှင့် အင်တာဗျူးပြုလုပ်ခြင်း အိန္ဒိယနိုင်ငံ၊ ဒေလီ ၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်။

[၄၈] ကုလသမဂ္ဂ နယ်မြေတာဝန်ခံနှင့် အင်တာဗျူးပြုလုပ်ခြင်း၊ ရန်ကုန်၊၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ။

[၄၉] ထိုင်းနိုင်ငံအခြေစိုက် သတင်းထောက်တဦးနှင့် အင်တာဗျူးပြုလုပ်ခြင်း၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ။

တည်ဆောက်ရန်အတွက် အလုပ်လုပ်ကိုင်နေသော ထိုင်းရေအား လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးကုမ္ပဏီမှ ဘူမိဗေဒအရာရှိတဦးသည် အလုပ်လုပ်ကိုင်နေစဉ် မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရခဲ့သည်။[၅၀]

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ လှုပ်ရှားခဲ့ရာ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် လွန်ခဲ့သောငါးနှစ်က လမ်းသစ်များတိုး၍ ဖေါက်လုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါလမ်းများတွင် မြို့စောင့်တပ်များ တင်းကြပ်စွာချထားပြီး နယကတပ်များကင်းလှည့်ရာ လမ်းတဖက်တချက်တွင်လည်း လက်နက်ကိုင်အဖွဲ့ အစည်းများရန်မှ ကာကွယ်ရန်အတွက် မိုင်းများကို ထူထပ်စွာချထားသည်။[၅၁] သံလွင်မြစ်ကမ်းပေါ်ရှိ ကျောက်ကြီးမှ စောထသို့သွားသောလမ်းနှင့် ဖားပွန်–ခေါပု–ကျောက်ညက်လမ်းတလျှောက်ရှိ ဘေးတဘက်တချက်တွင် မိုင်းများချထားမှုကြောင့် ဒေသခံပြည်သူအများအပြား ထိခိုက်ခံစားခဲ့ကြရသည်။[၅၂]

၂၀၀၅–၂၀၀၆ ခုနှစ်တွင် မြန်မာစစ်တပ်သည် ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာအနီးတဝိုက် ဒေသများတွင် နောက်ထပ်မိုင်းများ ချထားသည်။ ထိုင်းနယ်စပ်တလျှောက်နှင့် နီးကပ်သောလမ်းများတွင်လည်း မိုင်းများကို တိုးချဲ့ချထားသည်။ ထိုသို့လုပ်ရခြင်းမှာ အဆိုပါဒေသခံများ သွားလာခြင်းကို ဟန့်တားလို၍ဖြစ်ကြောင်း သိရသည်။ အဆိုပါဒေသများနှင့် နိုင်ငံအတွင်းရှိ အခြားဒေသအများအပြားတွင် ပြည်သူလူထုတရပ်လုံးသည် အန္တရာယ်ကြားထဲမှ လှုပ်ရှားနေကြရသည်။[၅၃] ၂၀၀၆ ခုနှစ် မေလ

---

[၅၀] ၂၀၀၆ ခုနှစ် မေလ (၅) ရက်နေ့ထုတ် ဘန်ကောက်ပို့(စ်) သတင်းစာပါ ကူ(လ်)တီဒ့်ါ စာမာဘုမိ ရေးသားသော "ဘူမိဗေဒအရာရှိခြေထောက်တချောင်း ဆုံးရှုံးခဲ့ရသော ရေကာတာ" ခေါင်းစဉ်ဖြင့် ဆောင်းပါး။

[၅၁] ပြည်တွင်းစစ်ဖြစ်ပွားမှုနှင့် အဝမ္မနေရာပြောင်းရွှေ့ခံကြရသူများ၏ အခြေအနေအကြောင်း ထုတ်ပြန်ခဲ့သောသတင်းများ။ ကရင်ပြည်နယ်ရှိ မြစ်များစောင့်ကြည့်ရေးအဖွဲ့၏ သုတေသနစာတမ်း၊ စာမျက်နှာ ၂၊ ၃၂၊ ၅၃၊ ၅၄။ ဖရီးဘာမားရိန်ဂျာအဖွဲ့၏ "ရှေ့တန်းရောက် ကယ်ဆယ်ရေး ခေါင်းဆောင်တဦး၏ ပြည်တွင်းအဝမ္မ နေရာပြောင်းရွှေ့ခံကြရသူများ အခြေအနေအကြောင်း" ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်။ ထိုင်းမြန်မာနယ်စပ်အခြေစိုက် အဲ(န်)ဂျီအို အဖွဲ့တဖွဲ့မှ ရေးသားခဲ့သော အီးမေးမှ။

[၅၂] ကရင်ပြည်နယ် မြစ်များစောင့်ကြည့်ရေးအဖွဲ့၏ "သေနတ်ပြောင်းဝတွင် နေကြရသူများ"၊ စာမျက်နှာ ၃၂၊ ၅၃၊ ၅၄။

[၅၃] အာရှလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ မြန်မာပြည်ဆိုင်ရာသတင်း "မြန်မာစစ်တပ်သည် ပဋိပက္ခဖြစ်ပွားနေရာမှ ရွာသားများ ထွက်ပြေးခြင်းမှ ကာကွယ်ရန်အတွက် မိုင်းများကိုအသုံးပြုနေခြင်းကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးမှ ကရင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများ အဆုံးသတ်သွားစေရေးအတွက် ဦးစီးဆောင်ရွက်သင့်ကြောင်း၊" www.hrw.org ၂၀၀၆ ခုနှစ် မေလ ၃ ရက်နေ့။

ထဲတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ကရင်ပြည်နယ်အတွင်း ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့ပြီး လူ့အခွင့်အရေး ချိုးဖေါက်ခံရမှုများကြောင့် လွှန်ခဲ့သော သုံးလက ဒုက္ခသည် ၂၀၀၀ ခန့် ထိုင်းနိုင်ငံမြောက်ပိုင်းသို့ ထွက်ပြေး ခိုလှုံလာခဲ့သည် ဟု အစီရင်ခံတင်ပြခဲ့သည်။ ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံးက ထပ်မံ ပြောကြားရာတွင် "အများစုဟာ အားအင်ချိနဲ့နေကြပြီး ငှက်ဖျားရောဂါလို ဝေဒနာ တွေကို ခံစားခဲ့ရတဲ့အပြင် မိုင်းတွေအများအပြားချထားတဲ့ အန္တရာယ်ထူထပ်တဲ့ ဒေသ တွေကို အချိန်ကြာကြာဖြတ်သန်းခဲ့ရပါတယ်"ဟု ပြောကြားသွားခဲ့ပါသည်။"[၅၄]

၂၀၀၅ ခုနှစ် စစ်တမ်းကောက်ယူချက်အရ ပြည်တွင်းအဓမ္မ နေရာရွှေ့ပြောင်း ခံကြရသူတချို့မှာ မြန်မာစစ်တပ်ရန်ကို ရှောင်ပုန်းနေခဲ့သူများဖြစ်ပြီး ၉ ရာခိုင်နှုန်းမှာ အနီးဆုံးရန်သူတို့ ထောင်ထားသော မြေမြှုပ်မိုင်းများ၏ ခြိမ်းခြောက်မှုကို ခံခဲ့ရသည်ဟု သိရသည်။ (လက်နက် ပဋိပက္ခ ၁၆ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ခဲ့ခြင်း)။[၅၅] စစ်တမ်းကောက် ယူချက်ထဲမှ ၆ရာခိုင်နှုန်းကျော်မှာ (ပုန်းအောင်းနေကြသူ ၂၃ ရာခိုင်နှုန်းအပါအဝင်) မြေမြှုပ်မိုင်းများ၏ အန္တရာယ်မှ သူတို့ကိုယ်သူတို့ ကာကွယ်ထားခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။[၅၆]

---

[၅၄] "ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့ပြီးနောက် မြန်မာနိုင်ငံမှ ဒုက္ခသည် ၂၀၀၀ သည် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးလာခဲ့သည်။" ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ တင်ပြချက်၊ ဘန်ကောက်မြို့၊ ၂၀၀၆ ခုနှစ် မေလ ၂၄ ရက်နေ့။

[၅၅] ထိုင်းမြန်မာနယ်စပ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ "အဓမ္မနေရာပြောင်းရွှေ့ ခံကြရသူများအား အကာအကွယ်ပေးရေး" ဘန်ကောက်၊ ၂၀၀၅ အောက်တိုဘာလ။ မြေမြှုပ်မိုင်း လေ့လာစောင့် ကြည့် ရေးအဖွဲ့မှ သုတေသနပြုလုပ်နေစဉ် မေးခွန်းများမေးမြန်းခဲ့သည်ဟု သိရသည်။ အဆိုပါအစီရင်ခံစာ တွင် ပြည်နယ်နှင့်တိုင်း ၆ ခု၊ အစုအဖွဲ့ ၆၀ မှ အိမ်ထောင်စုပေါင်း ၁၀၄၄ ဖြစ်ပြီး နယက ၏ အုပ်ချုပ်မှု အောက်မှ ထွက်ပြေးပုန်းရှောင်နေသောသူများ၊ အပစ်အခတ်ရပ်စဲရေး ယူထားသောဒေသများ၊ နယက၏ ပြန်လည်နေရာချထားသော ဒေသများနှင့် အုပ်ချုပ်ရေး ရောထွေးနေသော ဒေသများမှလူ များကို မေးမြန်းထားခြင်းဖြစ်သည်။

[၅၆] "မြေမြှုပ်မိုင်းတွေဟာ စစ်အုပ်စုရဲ့ လယ်ခင်း၊ ယာခင်းတွေ ဖျက်ဆီးမှု၊ ပစ္စည်းတွေ ခိုးယူမှုကနေ ကာကွယ်ဖို့အတွက် အထောက်အကူပြုပါတယ်။ နယက တပ်တွေအနေနဲ့ သူတို့သွားနေတဲ့လမ်းမှာ မိုင်းပေါက်ကွဲခဲ့မယ်ဆိုရင် မိုင်းထိလူနာတွေကို မြို့ဆေးရုံကို ပြန်သယ်ပို့နေရခြင်းအားဖြင့်လည်း သူတို့အတွက် အနှောက်အယှက် ဖြစ်စေပါတယ်။" ဟု ကရင်ပြည်နယ်၊ ဖားပွန်ခရိုင်အတွင်း ဆွေး နွေးပွဲလုပ်စဉ် အဖွဲ့တဖွဲ့မှ ပြောဆိုခဲ့သည်။ ထိုင်းမြန်မာနယ်စပ် ယာယီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ၏ "မြန်မာနိုင်ငံအရှေ့ဖက်ပိုင်းမှ ပြည်တွင်း အဓမ္မနေရာပြောင်းရွှေ့ ခံကြရသူများအား အကာအ ကွယ်ပေးရေး" ဘန်ကောက်မြို့၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလ၊ စာမျက်နှာ ၅၆ မှ။

## မိုင်းရှင်းလင်းရေး

မြန်မာနိုင်ငံတွင် မိုင်းရှင်းလင်းရေးအစီအစဉ်များ လုံးဝမရှိသေးပေ။ စစ်ဘက်ဆိုင်ရာနှင့် ကျေးရွာဘက်ဆိုင်ရာ မိုင်းရှင်းလင်းရေးများအကြောင်း လွန်ခဲ့သောနှစ်တွင် သတင်းရရှိခဲ့သော်လည်း ယခုအစီရင်ခံစာရေးသားနေခိုက်တွင် မည်သည့်မိုင်းရှင်းလင်းရေးမျှ မရှိကြောင်း သိရှိရသည်။[၅၇]

## လူမဆန်သော မိုင်းရှင်းနည်း

မြန်မာစစ်တပ်၏ မိုင်းရှင်းလင်းရေးတွင် အဓမ္မခိုင်းစေခံခဲ့ရကြောင်း တိုင်းရင်းသားများက အစီရင်ခံစာများ ထုတ်ပြန်ကြေငြာခဲ့သည်။ နိုင်ငံတကာအလုပ်သမားများအဖွဲ့ချုပ်၏ ၂၀၀၅ ခုနှစ် နှစ်လည်အစီရင်ခံစာထဲတွင် မြန်မာစစ်တပ်၏ မိုင်းရှင်းလင်းရေးလုပ်ငန်းတွင် လူအများအပြား ကိုယ်လက်အင်္ဂါ ချွတ်ယွင်းမှုများနှင့် သေဆုံးမှုများ ခံစားခဲ့ရကြောင်း သတိပေးပြောဆိုခဲ့သည်။[၅၈] ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက် နေ့တွင် မြန်မာစစ်တပ် ခြေမြန်တပ်ရင်း ၄၃၉ သည် ရွာသားနှစ်ဦးယောက်ကို အဓမ္မခေါ်ယူပြီး တောင်ငူ–မော်ချီး လမ်းပေါ်တွင် စစ်ကြောင်းရှေ့မှသွားစေခြင်းဖြင့် မိုင်းရှင်းခိုင်းခဲ့သည်။ တခြားတပ်ရင်းတခုကလည်း အဆိုပါလမ်း၏ တောင်ဘက် ကော်သေးဒါနှင့် ဘူဆာကီလမ်းပေါ်တွင် ရွာသားများကို ပစ္စည်းများသယ်ယူပြီး ရှေ့ကသွား၍ မိုင်းရှင်းခိုင်းခဲ့ရာ ၁၅ နှစ်အရွယ် ရွာသားတဦး သေဆုံးခဲ့သည်။[၅၉]

၂၀၀၅ ခု နိုဝင်ဘာလ အလယ်ပိုင်းလောက်တွင် စစ်အာဏာပိုင်များက ကရင်ပြည်နယ် စစ်တောင်းမြစ်တလျှောက်ရှိ ရွာ ၂၀မှ ရွာသားများကို ရွှေကျင်နှင့် ကျောက်ကြီး မြို့ကြားရှိ လမ်းတဖက်တချက်မှ တောများကို ရှင်းခိုင်းခဲ့သည်။ လမ်း၏

---

[၅၇] အချို့အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် မြန်မာစစ်တပ်တို့သည် မိုင်းများ ရှင်းလင်းရေးများ လုပ်ခဲ့ကြောင်း ယခင်အစီရင်ခံစာအရ သိရသည်။ အချို့ဒေသများတွင် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် နယက ထောင်ထားသော မိုင်းများကို ဖယ်ရှားပစ်နေပြီး အချို့က အဆိုပါမိုင်းများကို ပြန်လည် အသုံးပြုနေကြသည်။

[၅၈] အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအား ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ ကော်မီတီ၏ အစီရင်ခံစာ ၃ (အပိုင်း၁)၊ ၉၃ ကြိမ်မြောက်အပြည်ပြည်ဆိုင် အလုပ်သမားအစည်းအဝေး ၂၀၀၅ မေ ၃၁၊ ဇွန် ၁၆ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၊ ဂျနီဗာ၊ စာမျက်နှာ ၁၇၅–၁၇၆။ အဓမ္မလုပ်အားပေးခိုင်းစေမှုများအား ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်သည့်အတွက် မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ကဝေဖန်ခြင်း၊ အေအက်ပီ (ဂျနီဗာ) ၂၀၀၅ မေ ၂၅။

[၅၉] မြန်မာနိုင်ငံ ကရင်ပြည်နယ်အတွင်းမှ ဓာတ်ပုံများ၊ FBR ၂၀၀၅ ဖေဖေါ်ဝါရီ။ ဤဓာတ်ပုံများကို FBR မှ ၂၀၀၅ ခုနှစ် မတ်လ (၉) ရက်နေ့တွင် အီးမေးလ်ဖြင့် ပေးပို့သည်။

ကီလိုမီတာ ၅၀ အကွာတွင် ယခင်က နယကနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့တို့သည် မြေမြှုပ်မိုင်းများကို ချထားခဲ့ကြောင်း သိရသည်။ ဤမြေမြှုပ်မိုင်းများ၏ အန္တရာယ်များကို ရှောင်ရှားရန်အတွက် များစွာသော ရွာသူရွာသားများသည် ၎င်းတို့၏ အိမ်များကို စွန့်ပစ်ထွက်ပြေးခဲ့ကြရသည်။[၆၀]

၂၀၀၅ ခုနှစ်အတွင်းပြသခဲ့သည် မှတ်တမ်းရုပ်ရှင်ကားသုံးခုတွင် ပေါ်တာအလုပ်သမားများက နယကစစ်တပ်အတွက် မည်သို့မည်ပုံ မြေမြှုပ်မိုင်း ရှင်းလင်းပေးခဲ့ရသည့်အကြောင်းများ ပါဝင်သည်။[၆၁] နယကစစ်တပ်သည် ကေအန်အယ်အေမှ မိုင်းထောင်ထားသည်ဟု သံသယရှိသည့်နေရာများတွင် ကင်းလှည့်သည့်အခါ လမ်းပြပေးရန်အတွက် ပြည်သူ့စစ်အဖွဲ့ဝင်များကို သုံးခဲ့ကြောင်း၊ ကလဲလားနှင့် ဘူဆာလမ်းတလျှောက် တဖက်တချက်ကို ရှင်းလင်းပေးရန် စစ်တပ်ကရွာသားများကိုခိုင်းခဲ့ကြောင်း၊ မြေမြှုပ်မိုင်းများ ထောင်ထားသည့်နေရာတဝိုက်တွင် ဟင်းသီးဟင်းရွက်နှင့် ထင်းများကို ရှာခိုင်းခဲ့ကြောင်း ကရင်လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ အစီရင်ခံခဲ့သည်။[၆၂]

## မိုင်းအန္တရာယ်ဖြစ်မှု နည်းပါးအောင် ပြုလုပ်ခြင်း

မိုင်းထောင်ထားသည့် နယ်မြေများကို စနစ်တကျ ကာရံသတ်မှတ်ထားသည့်ပုံမရှိပါ။ မော်ချီးမြို့အနီး ကရင်နီတောင်ပိုင်းဒေသများတွင် မိုင်းထောင်ထားသည့် နေရာများကို ပုံမှန်အတိုင်း ကာရံမှတ်သားထားခြင်းမရှိကြောင်း ရွာသားများကပြောပါသည်။ သို့သော် အန္တရာယ်ရှိနိုင်သည့်နေရာများ အနီးတဝိုက်တွင် သစ်ပင်တွင်ကြက်ခြေခတ် ထွင်းပြထားခြင်းမျိုး၊ မိုင်းဗုံး၏ အစိတ်အပိုင်းနှင့် ဝါယာကြိုးပုံမျိုးသင်္ကေတများ

---

[၆၀] ကရင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ "မိုင်းကွင်းများမှ အစီရင်ခံစာ"။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်၊ စာမျက်နှာ ၅။

[၆၁] Images Asia အဖွဲ့မှထုတ်ဝေဖြန့်ချိသော မြန်မာနိုင်ငံမှ ရှောင်ပုန်းနေသော လူသတ်သမားများ (Burma Issues/FTUB)ထိုင်းနိုင်ငံ ၂၀၀၅ခုနှစ်၊ "အကျဉ်းထောင်မှသည် ရှေ့တန်းစစ်မြေပြင်သို့။ နအဖ တပ်များအတွက် ပေါ်တာဆွဲခြင်း" (Burma Issues/FTUB)ထိုင်းနိုင်ငံ ၂၀၀၄ခုနှစ်၊ အခိုင် အမာနှိပ်စက်ညှင်းပမ်းမှု၊ မြန်မာနိုင်ငံအတွင်းရှိ အဓမ္မခိုင်းစေမှုများ (Burma Issues/Witness Production) ထိုင်းနိုင်ငံ ၂၀၀၄ခုနှစ်၊ တွေ့ဆုံမေးမြန်းမှုများကို ၂၀၀၃ ခုနှစ် နှောင်းပိုင်းတွင် ကရင်ပြည်နယ် ကရင်နီပြည်နယ်နှင့် ထိုင်းနယ်စပ်ဒေသများတွင် ပြုလုပ်ခဲ့ပါသည်။

[၆၂] ကရင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (KHRG) ၏ "မိုင်းကွင်းများမှ အစီရင်ခံစာ" ၂၀၀၅ ခုနှစ် မတ်လ (၂၂) ရက်နေ့။ စစ်တပ်သည် ကျေးရွာများမှ ရွာသားများကို ဆင့်ခေါ်ခဲ့ပြီး သင်တန်းပေးပြီး လက်နက်တပ်ဆင်ကာ ပြည်သူ့စစ်ကို ဖွဲ့ပါသည်။ ကျေးရွာတိုင်းမှ ပြည်သူ့စစ်အတွက် လစဉ်ငွေကြေးများပေးရသည်။ ကျေးရွာအတွင်း သူပုန်များ မဝင်ရောက်နိုင်အောင် ပြည်သူ့စစ်များက အကာအကွယ် ပေးရမည်ဖြစ်သည်။

တခါတရံ ဖော်ပြထားတတ်သည်။ မိုင်းထောင်ထားသည့်နေရာများကို ဝါးဖြင့်အလုံ ပိတ်ယက်ကာထားပြီး ထုံးသုတ်ထားခြင်းမျိုးဖြင့် တရားဝင်မဟုတ်သည့် အမှတ်အသားများဖြင့်လည်း ဖော်ပြထားတတ်သည်။ အထူးသဖြင့် စစ်စခန်းများ အနီးအနားတွင်ဖြစ်စေ တံတားအနီးအနားတွင်ဖြစ်စေ ယင်းကဲ့သို့ လုပ်ပြထားတတ်သည်။[၆၃]

အချို့နေရာဒေသများတွင် စစ်တပ်၏ တပ်ရင်းတပ်ဖွဲ့များသည် မိုင်းများချထားရာနေရာများ အနီးတဝိုက်တွင် နှုတ်ဖြင့်ရော၊ စာဖြင့်ရော မိုင်းများရှိကြောင်း သတိပေးထားကြသည်။ များသောအားဖြင့် လက်နက်ကိုင်အဖွဲ့များသည် သူတို့မိုင်းရှိသောဒေသများကို နှုတ်ဖြင့်သတိပေးပြောဆိုကြသည်။ ချင်းအမျိုးသားတပ်ဦးမှ အဖွဲ့ဝင်တဦးက သူတို့မိုင်းများချထားသည့်နေရာဒေသတွင် သိသာထင်ရှားသော အမှတ်အသားများ ရေးသားဖေါ်ပြထားဟုပြောသည်။ သို့ရာတွင် မည်သို့ဖော်ပြထားသည်ကိုတော့ မပြောပေ။ သူတို့၏မိုင်းများသည် သုံးလခံ ဘက်ထရီများဖြင့် ပြုလုပ်ထားသည့်အတွက် စိုးရိမ်ဖွယ်မရှိကြောင်းလည်း ပြောဆိုခဲ့သည်။[၆၄]

၂၀၀၅ ခုနှစ် ပြည်တွင်း အခမဲ့နေရာပြောင်းရွှေ့ ခံကြရသူများနှင့်ပတ်သက်၍ သုတေသန ပြုလုပ်ချက်အရ မြန်မာနိုင်ငံအရှေ့ဖက်ပိုင်းတွင် အိမ်ထောင်စု ၇ စုတွင် ၆ စုသည် မိုင်းများအန္တရာယ်ကို ဖော်ပြထားသည့်သင်္ကေတများကို မမြင်ဘူးပေ။ တွေ့ဆုံမေးမြန်းခဲ့သူများထဲမှ တဝက်ခန့်သည် မိုင်းအန္တရာယ်ရှိကြောင်းကို လက်နက်ကိုင်အဖွဲ့များမှ နှုတ်အားဖြင့်သာ သတိပေးသည်များရှိခဲ့ကြောင်း "မိုင်းထောင်သူတွေဟာ သူတို့ဘယ်နေရာတွေမှာ မိုင်းချထားတယ်၊ ဘယ်လိုအမှတ်အသားတွေ လုပ်ထားတယ်ဆိုတာကို ဘယ်သူမှပြောဆိုတာမရှိပါဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။[၆၅]

၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ်ပညာပေးမှုများ ပြုလုပ်ခဲ့သည်။ ယခုအစီရင်ခံတင်ပြနေချိန်တွင် ထိုပညာပေးအစီအစဉ်ကို ရှန်တီစီနာ ခေါ် အဲ

[၆၃] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၊ ၂၀၀၄ ခုနှစ်၊ စာမျက်နှာ ၉၄၁။

[၆၄] တော်လှန်ရေးသမားများနှင့် အင်တာဗျူးပြုလုပ်ခြင်း။ နယူးဒေလီ၊ အိန္ဒိယ၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလ။

[၆၅] ထိုင်းမြန်မာနယ်စပ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (TBBC) အဖွဲ့၏ "မြန်မာနိုင်ငံအရှေ့ဖက်ပိုင်းရှိ ပြည်တွင်းရွှေ့ပြောင်းခံရမှုနှင့် အကာအကွယ်ပေးမှု"၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလ။ စာမျက်နှာ အမှတ် ၅၇၊ ကရင်နီပြည်နယ်၊ ဖားဆောင်းမြို့နယ်အတွင်း စစ်တပ်ရန်မှ ပုန်ရှောင်နေကြ သည့် အခမဲ့ နေရာရွှေ့ပြောင်းခံကြရသူများနှင့် တွေ့ဆုံခဲ့စဉ် သုံးသပ်ချက်။ ၂၀၀၅ ခုနှစ် မေလ။

(န်)ဂျီအို အဖွဲ့တခုမှ ကရင်ပြည်နယ် ကေအဲ(န်)ယူ ထိန်းချုပ်ရာ နယ်မြေများအတွင်း ပြုလုပ်နေသည်။[၆၆]

နိုင်ငံတကာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ ၂၀၀၅ ခုနှစ် အစီရင်ခံစာထဲတွင် မိုင်းအန္တရာယ်ပညာပေးရေး အစီအစဉ်ကို အမျိုးသားလူ့အဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်ပြီး ကရင်ပြည်နယ်နှင့် ကရင်နီဒေသတို့တွင် အရေးပေါ်ကယ်ဆယ်ရေး သင်တန်းများပေးရန် သဘောတူခဲ့ကြသည်။ အဆိုပါဒေသနှစ်ခုသည် မိုင်းအန္တရာယ် ထိခိုက်ခံစားရမှု အများဆုံးဒေသများဖြစ်သည်။ ပညာရေးဆိုင်ရာပစ္စည်းများ ပို့ဆောင်ရာတွင် လုံခြုံစိတ်ချမှုရှိရေးအတွက် ပြင်ဆင်ထားခဲ့သည်။[၆၇] သို့ရာတွင် ၂၀၀၅ ခုနှစ် နိုဝင်ဘာလထဲတွင် အပြည်ပြည်ဆိုင်ရာကမ္ဘာ့ကြက်ခြေနီအဖွဲ့မှ နဂိုကစီစဉ် ထားသော မိုင်းအန္တရာယ်ပညာပေးရေး အစီအစဉ်ကိုအခြေအနေအရ မြန်မာနိုင်ငံအတွင်း လုပ်ရန် မဖြစ်နိုင်သည့်အတွက် ၂၀၀၅ ခုနှစ် နှစ်လယ်ပိုင်းမှစပြီး ဆက်လက်လုပ်ဆောင်မှာ မဟုတ်တော့ကြောင်း မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့ကို တရားဝင်ပြောဆိုခဲ့သည်။[၆၈] မြန်မာနိုင်ငံအတွက် လိုအပ်ချက်များနှင့် အလားအလာများကို အကဲဖြတ်ရန် လေ့လာစူးစမ်းသည့် လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့၊ မိုင်းအကြံပေးအဖွဲ့၊ ဒန်ခရစ်ယာန်ဘုရားကျောင်း အကူအညီပေးရေးအဖွဲ့နှင့် နော်ဝေပြည်သူများ အကူအညီပေးရေးအဖွဲ့တို့က ဆောင်ရွက်ခဲ့ပါသည်။[၆၉]

ဤအစီရင်ခံစာ ရေးသားပြုစုနေခိုက်ကာလတွင် ထိုင်းမြန်မာနယ်စပ်ရှိ မြန်မာဒုက္ခသည်စခန်းများတွင် မိုင်းအန္တရာယ်ပညာပေးအစီအစဉ်ကို ဆက်လက်လုပ်ကိုင်နေသည်။

---

[၆၆] Shanti Sena အဖွဲ့ကို ၂၀၀၅ ခုနှစ် ဖေဖေါ်ဝါရီလတွင် စတင်ဖွဲ့စည်းခဲ့သည်။ ဂျပန်နိုင်ငံမှ တသီးပုဂ္ဂလ ပုဂ္ဂိုလ်အချို့၏ အကူအညီနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ ထိုင်းမြန်မာနယ်စပ်နှင့် အနီးဆုံးကျေးရွာများသို့ မိုင်းအန္တရာယ်ပညာပေးရေး အစီအစဉ်ကဲ့သို့ လူသားချင်းစာနာသည့် အကူအညီများ ပြုလုပ်ပေးနေသည်။

[၆၇] နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ ၂၀၀၅ ခုနှစ်အတွင်း မိုင်းများနှင့်ပတ်သက်သော အထူးအစီရင်ခံစာ။ ၂၀၀၅ ခုနှစ် မေလ ဂျီနီဗာမြို့။

[၆၈] အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ အရာရှိတဦးနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံမေးမြန်းခြင်း။ ၂၀၀၅ ခုနှစ်နိုဝင်ဘာလ။

[၆၉] "မိုင်းအန္တရာယ် ပညာပေးရေးအစီအစဉ် ယခင်လုပ်ရှားခဲ့မှုများ" မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၅ ခုနှစ် အစီရင်ခံစာ၊ စာမျက်နှာ ၆၈၄ မှ ၆၈၅။

## မြေမြှုပ်မိုင်းဒဏ်ကြောင့် ထိခိုက် သေဆုံးမှုများ

ဆေးရုံများမှရရှိသည့် သတင်းအချက်အလက်များနှင့် ခိုင်လုံသော သတင်းရင်းမြစ်များ၏ အဆိုအရမြေမြှုပ်မိုင်းကြောင့် ၂၃၁ဦး ထိခိုက်ခံစားခဲ့ရပြီး ထိုအထဲမှ အနည်းဆုံး ၅ ဦး သေဆုံးခဲ့သည်။ (ထိုထဲမှ နှစ်ဦးသည် အမျိုးသမီးများ ဖြစ်သည်။) ၂၂၅ ဦးမှာ ဒဏ်ရာရရှိခဲ့ပြီး ထိုအထဲမှ တဦးမှာမူ မည်သူမှန်း မသိရပေ။ မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့သည် ထိုမြေမြှုပ်မိုင်းဒဏ် ခံစားရသူများထဲမှ ၁၁၂ ဦးကို အဲ(န်)ဂျီအိုအဖွဲ့များနှင့် ဆေးရုံများ၏ မှတ်တမ်းများအရ သိရှိပြီး အမည်မဖော်လိုသော ဌာနများမှ ၇၀ဦး နှင့် သတင်းဌာနမှတ်တမ်းများအရ ၄၉ ဦး လက်ခံရရှိခဲ့သည်။ နယကစစ်တပ်နှင့် ပတ်သက်သူတို့အဆိုအရ ထိခိုက်ခံစားရသူ အရေအတွက် ၇၀ အထိရှိကြောင်းသိရသည်။[၇၀] လူသားဖြင့် မိုင်းရှင်းခိုင်းရာတွင် အနည်းဆုံး ကလေးတယောက် ပါဝင်ကြောင်းသိရသည်။ (အဆိုပါကလေးသည် မိုင်းထိသလား အသတ်ခံ ရသလားဆိုသည်ကိုမူ မသိရပေ။)[၇၁] ၂၀၀၄ ခုနှစ်တွင် စုစုပေါင်း ၁၃၂ ဦး ထိခိုက်ဒဏ်ရာရှိခဲ့ရာမှ သိသိသာသာတိုးပွားလာခဲ့သည်။ သို့သော်လည်း စနစ်တကျ သတင်းအချက်အလက်များ မသိမ်းဆည်းနိုင်သောကြောင့်လည်းကောင်း၊[၇၂] မျက်မြင်တွေ့ရှိသူတို့၏ လုံခြုံရေးအရကြောင့်လည်းကောင်း သတင်းအချက်အလက်များကို တိတိကျကျ မဖော်ပြနိုင်ခဲ့ပေ။

နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၏ စစ်ကြောင့်ထိခိုက်ခံစားရသူများ အစီအစဉ်သည် ၂၀၀၅ခုနှစ်အတွင်း ပဋိပက္ခ ဖြစ်ပွားနေသောဒေသမှ မိုင်းကြောင့်ဒဏ်ရာရရှိသူ ၆၄ ဦးကို အကူအညီများပေးခဲ့သည်။[၇၃] မိုင်းဒဏ်ခံစားရသူ ၂၃ ဦးကို ထိုင်းနိုင်ငံ မဲဆောက်ဆေးရုံကြီးမှ ကုသပေးခဲ့သည်။ မဲဆောက်မြို့ရှိ မယ်တော်ဆေးခန်းမှလည်း မိုင်း

[၇၀] မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့် ရေးအဖွဲ့၏ လျို့ဝှက်အင်တာဗျူးတခုမှ။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့။

[၇၁] FBR ၏ "၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရိုက်ယူခဲ့သော ကရင်ပြည်နယ်မှ ဓါတ်ပုံများ၊" ၂၀၀၅ ခုနှစ် မတ်လ ၉ ရက်နေ့တွင် FBR မှ အီးမေးဖြင့် ပေးပို့သည်။

[၇၂] မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ၊ ၂၀၀၅ ခုနှစ်၊ စာမျက်နှာ ၆၈၅။

[၇၃] မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ သတင်းအချက်အလက် တောင်းခံစာ။ ထိုင်းနိုင်ငံ အတွင်းရှိ မိုင်းဒဏ်ခံစားနေရသူ ၆၀ တို့ကို ကူညီပေးခဲ့သည်၊ ဘန်ကောက်အခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့မှ ၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ချက်။ မြန်မာနိုင်ငံအတွင်းရှိ အခြားလူ ၄ ဦးကို အကူအညီများပေးခဲ့ကြောင်း သိရသည်။ ၂၀၀၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် (အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ ဒေသဆိုင်ရာရုံးမှပေးပို့ခဲ့သော အီးမေး)။

ဒဏ်ခံစားရသူ ၁၄ ဦးကို ကုသပေးခဲ့ကြောင်း သိရသည်။[၇၄] မဲဟောင်ဆောင်မြို့ရှိ "စရီစံဝါး" ဆေးရုံကလည်း မြေမြှုပ်မိုင်းဒဏ်ထိခိုက်ခံစားခဲ့ရသူ မြန်မာနိုင်ငံသား ၈ ဦးကို ကုသပေးခဲ့သည်။[၇၅]

မြန်မာနိုင်ငံ ပဲခူးတိုင်း၊ မုန်းမြို့မှ ဆရာဝန်တယောက်၏အဆိုအရ ၂၀၀၅ ခုနှစ်တွင် မြေမြှုပ်မိုင်းဒဏ် ထိခိုက်ခံစားခဲ့ရသူ လူနာ ၁၄ ဦးနှင့် ၂၀၀၆ ခုနှစ် မေလထဲတွင် ၁၈ ဦးတို့ကို ဆေးရုံမှ ဆေးကုသပေးခဲ့ရကြောင်း သိရသသည်။[၇၆] နိုင်ငံတကာ မသန်စွမ်းသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့၏ နယ်စပ်ဒေသ အစီရင်ခံစာအရ ၂၀၀၅ ခုနှစ်အတွင်း မိုင်းဒဏ်ခံစားရသူ ၄၆ ဦးသည် နယ်စပ်ကိုဖြတ်ကျော်ကာ ဆေးဝါးကုသမှုများခံယူခဲ့ကြောင်း သိရသည်။[၇၇]

အခြားအစီရင်ခံစာများတွင်လည်း ၂၀၀၅ ခုနှစ် ဇန်နဝါရီလထဲတွင် ကရင်ပြည်နယ်၊ ဒူးပလာယာခရိုင်မှ ရွာသားတဦးသည် သူ၏အဖော်များနှင့်အတူ နယကစစ်ဆင်မှုအတွင်းမှ ထွက်ပြေးလာစဉ် မိုင်းဒဏ်ခံစားခဲ့ရပြီး ထိုင်းနိုင်ငံမဲဆောက် ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရှိရသည်။[၇၈] မတ်လထဲတွင်လည်း တောင်ငူခရိုင်မှ ဒေသခံတဦး လမ်းဖြတ်ကူးစဉ်မိုင်းထိခဲ့သည်။[၇၉] မတ်လထဲတွင်ပင် ကရင်ယားပြည်နယ်၊ လွိုင်ကော်မြို့အနီးတွင် ယာဉ်တစီး မိုင်းနင်းမိခဲ့ရာ ခရီးသည်တဦးသေဆုံးပြီး တဦးဒဏ်ရာရရှိခဲ့သည်။[၈၀] ဧပြီလထဲတွင် ရှမ်းပြည်တပ်မတော်–တောင်ပိုင်း အခြေစိုက်ရာ ဒွိုင်တိုင်လူအဲ(န်) ဒေသတွင် အပြင်းအထန် တိုက်ပွဲဖြစ်မှုကြောင့် တပ်သား ၇၀ ထက်မနည်း

---

[၇၄] မယ်တော်ဆေးခန်းမှ ဒေါက်တာစင်သီယာမောင်နှင့် ခြေတုလက်တု အစားထိုး ကုသရေးဌာန ဌာနမှူးတို့နှင့် မေးမြန်းခြင်း၊ တာ့ခ်ခရိုင်၊ ၂၀၀၆ မတ်လ ၈ရက်။ နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့ (IRC) ၏ ကွင်းဆင်းကုသရေးသမား ဆွမ်ဆက် တာနာဘော်ရိကွန်က ၂၀၀၆ ခုနှစ် မတ်လ ၁၀ ရက်တွင် ပေးပို့ခဲ့သော အီးမေး။

[၇၅] ထိုင်းနိုင်ငံ မယ်ဟော်ဆောင်ခရိုင် ဆရီစံဝါဆေးရုံမှ ခြေတုလက်တုပညာရှင် စူမက် နာပါဝက်ချာကော်(လ်) နှင့် မေးမြန်းချက်၊ ၂၀၀၆ မတ်လ ၁၄။

[၇၆] "မြန်မာ့ပြည်တွင်းစစ်ကြောင့် မြေမြှုပ်မိုင်းဒဏ် ပိုမိုခံစားလာကြရခြင်း" AFP (Mone, Burma)၊ ၂၀၀၆ခု မေလ ၁၄ ရက်။

[၇၇] နိုင်ငံတကာ ကိုယ်အင်္ဂါ မသန်စွမ်းသူများ ကူညီအဖွဲ့မှ မန်နေဂျာ ပေါ(လ်) ယုန်း၏ အီးမေး၊ ၂၀၀၆ ခုနှစ် မေလ ၂၄ ရက်နေ့။

[၇၈] ပြည်တွင်း အခမ္ဘနေရာပြောင်းရွှေ့ခံကြရသည့် ကရင်လူမျိုးများကော်မတီနှင့် အင်တာဗျူး ပြုလုပ်ခြင်း။ မဲဆောက်မြို့၊ ၂၀၀၅ ခုနှစ် မေလ ၉ ရက်နေ့။

[၇၉] "တောင်ငူခရိုင်အတွင်းရှိ မြန်မာစစ်တပ် မိုင်းများချထားရေးနှင့် အဓမ္မအလုပ်ခိုင်းစေမှု" ဖရီးဘားမားရိန်ဂျာအဖွဲ့မှ ပေးပို့သော အီးမေး၊ ၂၀၀၅ ခုနှစ် မေလ ၁၀ ရက်နေ့။

[၈၀] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ ၂၀၀၅ ခုနှစ်၊ စာမျက်နှာ ၆၈၅။

မြေမြှုပ်မိုင်းဒဏ် ခံစားရကြောင်းသိရသည်။[၈၁] ဩဂုတ်လထဲတွင် ညောင်လေးပင်ခရိုင်ရှိ ဒေသအများအပြားကို နယက စစ်တပ်မှ နယ်မြေရှင်းလင်းမှုများ ပြုလုပ် ပြီးနောက်ပိုင်း ဒေသခံနှစ်ဦး မိုင်းထိခဲ့ရာတွင် တဦးမှာချက်ချင်းသေဆုံးခဲ့ပြီးနောက် တဦးမှာ ငါးရက်အကြာတွင် သေဆုံးခဲ့ကြောင်း သိရသည်။[၈၂] ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ထဲတွင် အသက် ၇၅ နှစ်ရှိသူ အမျိုးသားတဦးသည် နယကတပ်၏ ထိုးစစ်ဆင်အပြီး သူ့ရွာသို့အပြန်လမ်းတွင် မိုင်းနင်းမိခဲ့သည်။[၈၃] နိုဝင်ဘာလ ၉ ရက်နေ့တွင် ချင်းပြည် နယ်အတွင်းရှိ မြို့သစ်နှင့်တမူးမြို့အကြား လမ်းတွင်ထောင်ထားသော မိုင်းကိုနင်းမိပြီး အမျိုးသမီးတဦး သေဆုံးခဲ့ရသည်ဟု သိရသည်။ ထို့အတူ နိုဝင်ဘာလထဲတွင်ပင် နောက်အမျိုးသမီးတယောက်သည် မိုင်းကြောင့် ခြေထောက်တဖက်ဆုံးရှုံးသွားပြီး နောက်မကြာမီ သေဆုံးသွားခဲ့သည်။ မိုင်းထောင်ထားသည့်ဒေသများတွင် ဒေသခံများ၏အိမ်မွေး တိရစ္ဆာန်များလည်း ပျောက်ဆုံးခဲ့သည်။[၈၄]

၂၀၀၅ ခုနှစ်တွင် မိုင်းကြောင့် ထိခိုက်ရသူများအကြောင်း နအဖ၏ မီဒီယာများတွင် ရေးသားခဲ့ခြင်းမရှိပေ။ ထိုင်းနိုင်ငံအတွင်း ဆေးကုသမှုလာရောက်ခံယူနေ ကြသည့် မိုင်းဝေဒနာသည်အများအပြားမှ တချို့အကြောင်းကိုတော့ ထိုင်းမီဒီယာများ မှ အနည်းအကျဉ်းဖော်ပြခဲ့သည်။ ထိုင်းသတင်းစာတစောင်မှ သတင်းထောက်တဦးက "လူတယောက် နယ်စပ်ကိုဖြတ်ပြီး ထိုင်းနိုင်ငံထဲ ဝင်လာတဲ့အခါ မိုင်းကို တက်နင်းမိတာဟာ သတင်းတပုဒ် မဟုတ်တော့ဘူး၊ ဖြစ်ရိုးဖြစ်စဉ် တခုလို ဖြစ်နေပါပြီ"ဟု ရေးသားခဲ့လေသည်။[၈၅]

၂၀၀၆ ခုနှစ်တွင်လည်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီလအတွင်းက မိုင်းဒဏ်ရာရရှိခဲ့သော နယက စစ်သားသုံးဦး အပါအဝင် မေလ ၁၅ ရက်နေ့အထိ အနည်းဆုံး မိုင်းပုံး ၅၀ ကြိမ် ပေါက်ကွဲခဲ့သည်။ (ထိုပေါက်ကွဲမှုများအတွင်း လူ ၂ ဦး သေဆုံးပြီး အနည်းဆုံး ၄၈ ဦး ဒဏ်ရာရရှိ ခဲ့

---

[၈၁] မြေမြှုပ်မိုင်း စောင့်ကြည့်ရေးအဖွဲ့၏ လျှို့ဝှက်အင်တာဗျူး၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့။

[၈၂] မြန်မာစစ်တပ်မှ ထောင်ထားသော မိုင်းများကြောင့် ကရင် ၂ ဦး သေဆုံးခဲ့ခြင်း။ ဖရီးဘားမားရိန်ဂျာအဖွဲ့မှ ပေးပို့သော အီးမေးလ်။ ၂၀၀၅ ခုနှစ် နိုင်ဝင်ဘာလ ၂၅ ရက်။

[၈၃] "ထီးဒေါကော ကျေးရွာ မီးလောင်မှု ကယ်ဆယ်ရေးအဖွဲ့ ပြောပြချက်" ဖရီးဘားမားရိန်းဂျာအဖွဲ့ ပေးပို့သော အီးမေးလ်၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်။

[၈၄] မဏိပူရီ သူပုန်များ၏ မိုင်းကြောင့် မြန်မာနိုင်ငံ အနောက်မြောက်ဖက်ရှိ ကူကီးတိုင်းရင်းသားများ သေဆုံးခဲ့ခြင်း၊ ဒီမိုကရက်တစ် မြန်မာ့အသံ၊ ၂၀၀၅ နိုဝင်ဘာ ၂၃ ရက်။

[၈၅] ဘန်ကောက်ပို့(စ်) သတင်းစာမှ သတင်းထောက် စဘင် ကူအဲ(န်)ကော်နှင့် အင်တာဗျူးပြုလုပ်ခြင်း၊ ချင်းမိုင်မြို့၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့။

သည်)။[၈၆] ၂၀၀၆ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း မိုင်းဒဏ်ခံရသူ ငါးဦးမယ်တော်ဆေးခန်းသို့ ရောက်ရှိလာခဲ့ပြီး လေးဦးကို မဲဆောက်ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့သည်။[၈၇] ဇန်နဝါရီလ ၂၉ ရက်နေ့တွင် "ထားယယ်ပလို" ကျေးရွာမှ ရွာသားတဦးသည် မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိခဲ့သည်။[၈၈] နယ်စပ်ဒေသတဝိုက်သို့ သွားရောက်လည်ပတ်ခဲ့သော ခရစ်ယာန် သင်းအုပ်ဆရာတယောက်၏ ပြောပြချက်အရ မိုင်းဒဏ်ရာကြောင့် လူ ၁၇ ဦး တောင်ငူဆေးရုံတွင် တင်ထားကြောင်း သိရသည်။[၈၉] ဖရီးဘားမားရိန်ဂျာအဖွဲ့မှ ကယ်ဆယ်ရေးလုပ်သားတဦးဖြစ်သူ ကရင်အမျိုးသား ဓါတ်ပုံဆရာတဦးသည် "မူးသရော်" ခရိုင်အနီးတွင် ထောင်ထားသော မြေမြှုပ်မိုင်းတလုံးကြောင့် သေဆုံးခဲ့ရသည်။[၉၀] မေလ ၉ ရက်နေ့တွင် အသက် ၄၅ နှစ် အရွယ်ရှိသူ ကလေး ၆ ယောက်၏ ဖခင်တဦးသည် ပဲခူးတိုင်း၊ မုန်းခရိုင်အနီး အမြဲသွားနေကျလမ်းတွင် မြေမြှုပ်မိုင်းနင်းမိသောကြောင့် ဒဏ်ရာရရှိခဲ့မှုအပါအဝင် အဆိုပါဒေသတွင် အလားတူ အဖြစ်အပျက်မျိုး များစွာဖြစ်ပွားခဲ့သည်။ မေလ ၁၃ ရက်နေ့တွင်လည်း အသက် ၂၄ နှစ်အရွယ်ရှိ ရွာသားတဦးသည် ရွာနှင့်တကီလိုမီတာအကွာတွင်ရှိသော လမ်းကိုဖြတ်ကူးစဉ် မိုင်းနင်းမိပြီး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ မေလလယ်အတွင်း မိုင်းထိလူနာ ၁၈ဦးကို ဆေးကုသပေးခဲ့ရကြောင်း ဆေးရုံတခုမှ ဆရာဝန်တဦးက အတည်ပြု ပြောဆိုခဲ့သည်။[၉၁] ထို့အတူ မေလ ၁၃ ရက်နေ့တွင်လည်း အမျိုးသားတဦး သူ့ကျောပိုးအိတ်အတွင်း ထည့်ထားသောမိုင်းဗုံးတလုံး ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်။ ထိုမိုင်းဗုံးကို ရန်ကုန်မြို့မြောက်ဘက် ကီလိုမီတာ ၁၆၀ ခန့်အကွာတွင်ရှိသော နယက စစ်ယာဉ်တန်းကို တိုက်ခိုက်ရန်ရွယ်ကြောင်း တာဝန်ရှိသူတဦး

---

[၈၆] ထိုင်း–မြန်မာနယ်စပ် အခြေစိုက် အဲ(န်)ဂျီအိုအဖွဲ့ တဖွဲ့မှ ပေးပို့လာသည့် အီးမေး၊ ၂၀၀၆ ခုနှစ် မတ်လ ၂၀ ရက်နေ့။

[၈၇] တာ့ခ်ခရိုင်၊ မယ်တော်ဆေးခန်းမှ ဒေါက်တာ စင်သီယာမောင်နှင့် ခြေတုလက်တုဌာနနမှ ဌာနမှူးတဦးကိုမေးမြန်းခြင်း၊ ၂၀၀၆ ခုနှစ် မတ်လ (၈)ရက်နေ့။ ဆွန်ဆတ် သနာဘိုရီကွန် (IRC) ထံမှ အီးမေး၊ ၂၀၀၆ ခုနှစ် မတ်လ (၈)ရက်နေ့။ နိုင်ငံတကာလမ်းကြောင်းရှင်းအဖွဲ့မှ အင်းဘတ် မတ်တီး၏ အီးမေး။ ၂၀၀၆ ခုနှစ်တွင် မေလ ၁ ရက်နေ့။

[၈၈] ထိုင်းမြန်မာနယ်စပ်၌ အလုပ်လုပ်ကိုင်နေသော အဲ(န်)ဂျီအို အဖွဲ့တခုမှ ရရှိသည့် အီးမေး၊ ၂၀၀၆ ခုနှစ် မတ်လ ၂၀ ရက်။

[၈၉] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ လျို့ဝှက်အင်တာဗျူး၊ ၂၀၀၆ ခုနှစ် မတ်လ ၇ ရက်။

[၉၀] မဇ္ဈိမသတင်းဌာန၏ "မြေမြှုပ်မိုင်းကြောင့် ကရင်ကယ်ဆယ်ရေးလုပ်သားတဦး သေဆုံးခြင်း"၂၀၀၆ ခုနှစ် မေလ ၈ ရက်နေ့။

[၉၁] "မြန်မာ့ ပြည်တွင်းစစ်ကြောင့် မြေမြှုပ်မိုင်းဒဏ် ပိုမိုခံစားလာကြရခြင်း" AFP (Mone, Burma)၊ ၂၀၀၆ခု မေလ ၁၄ ရက်။

ပြောဆိုသည်။[၆၂] ၂၀၀၆ ခုနှစ် ဧပြီလ ၂၅ ရက်နှင့် ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၏ အရှေ့မြောက်ဘက်ဒေသအတွင်း မိုင်းပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း နယကဏ၏ သတင်းမီဒီယာတွင် ဖော်ပြခဲ့သည်။[၆၃]

မေလ ၃ ရက်နေ့တွင် သံလွင်ရေကာတာ တည်ဆောက်ရေးစခန်း၌ ထိုင်းလူမျိုးတယောက်သည် အလုပ်သမားများ စခန်းချနိုင်မည့် နေရာတခုကို ရှာဖွေလေ့လာနေစဉ် မိုင်းပေါ်တက်နင်းမိရာမှ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။[၆၄]

အန်ဂျီအို အဖွဲ့များ၏ ပြောဆိုချက်များအရ လွန်ခဲ့သောနှစ်များအတွင်း မိုင်းဒဏ်ခံစားရသူ အရေအတွက် တိုးပွားလာသည်ဟု သိရသော်လည်း မြန်မာနိုင်ငံတွင် မိုင်းပေါက်ကွဲခဲ့သော အကြိမ်အရေအတွက်နှင့် မိုင်းကြောင့် ထိခိုက်သေဆုံးခဲ့သူအရေအတွက်ကိုမူ အတိအကျ မသိရှိရပေ။ ခန့်မှန်းခြေအရ မိုင်းများကြောင့် ခြေထောက်ဆုံးရှုံးခဲ့သူထဲမှ ၇၀ ရာခိုင်နှုန်းနီးပါးသည် နိုင်ငံတကာခြေတု၊ လက်တုပြုလုပ်ပေးသည့် အကူအညီများ ရရှိခဲ့သည်။[၆၅] ကျန်းမာရေးဝန်ကြီးဌာနက မိုင်းကြောင့်ထိခိုက်ဒဏ်ရာရမှုများနှင့် အခြားအကြောင်းကြောင့် ထိခိုက်ဒဏ်ရာရမှုများကို ခွဲခြားထားဖော်ပြထားခြင်းမရှိပေ။ အတိအကျ မသတ်မှတ်နိုင်သော ထိခိုက်ဒဏ်ရာများနှင့် ခန္ဓာကိုယ်နေရာအနှံ့၌ ဖြစ်သောထိခိုက်ဒဏ်ရာများ သည်သေဆုံးမှုဖြစ်စေသည့် အကြောင်းရင်းများအနက် ပဉ္စမအဆင့်တွင်ရှိပြီး၊ ထိခိုက်ဒဏ်ရာရစေရာတွင် တတိယအဖြစ်အများဆုံး အကြောင်းရင်းဖြစ်သည်ဟုသာ ဖော်ပြခဲ့သည်။ အချက်အလက်များကို စနစ်တကျစုဆောင်းရန်အတွက်မူ ခက်ခဲနေဆဲဖြစ်သည်။ အထူးသဖြင့် မိုင်းပေါက်ကွဲမှုတခုတွင် ထိခိုက်ဒဏ်ရာရသူထက် သေဆုံးသူနှင့်ပတ်သက်သည့် အချက်အလက်များကို စုဆောင်းရန် ပိုမိုခက်ခဲပါသည်။ မြေမြှုပ်မိုင်းများ နေရာအနှံ့အပြား ထောင်ထားသည့် နယ်မြေများတွင် လက်နက်ကိုင်တိုက်ပွဲများ မကြာခဏ ဖြစ်နေပါသေး

---

[၆၂] "မြန်မာအမျိုးသားတဦး စစ်ယာဉ်တန်းအနီးတွင် မိုင်းထိသေဆုံးခဲ့သည်။" AFP (Penewegon, Burma)၂၀၀၆ ခုနှစ် မေလ ၁၃ ရက်။

[၆၃] ဒဲ(န်) နစ် ဒီဂရေး၏ "မြန်မာစစ်တပ်၏ ပြန်လည်ထိုးစစ်ဆင်မှုများကြောင့် ကရင်ဒုက္ခသည်များ ထိုင်းနိုင်ငံသို့ ပိုမိုဝင်ရောက်လာခြင်း။ AP(Bangkok)၊ ၂၀၀၆ ခုနှစ် မေလ ၂ ရက်။

[၆၄] ကူ(လ်)တီဒ့်ါ စာမာဘုဓိ ရေးသားသော "ဘူမိဗေဒအရာရှိတဦး၏ ခြေတချောင်း ဆုံးရှုံးခဲ့ရသော ရေကာတာ" Bangkok Post, ၂၀၀၆ ခုနှစ် မေလ ၅ ရက်။

[၆၅] အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးတွဲဆောင်ရွက်ပေးနေသော ခြေတုလက်တုဌာန၏ အချက်အလက်များ။ ဤအချက်အလက်များကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) ၏ နှစ်ပတ်လည် အစီရင်ခံစာမှ ရရှိပါသည်။ ၂၀၀၂ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်တွင် ၇၃ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ရာခိုင်နှုန်း ၇၀။

သည်။ အချို့ဒေသများတွင် စိုက်ပျိုးရေးလုပ်ရန် ထွန်ယက်စိုက်ပျိုးကြရာ တိုက်ပွဲအတွင်းမပေါက်ကွဲပဲ ကျန်ရစ်သောဗုံးများကြောင့် ထိခိုက်ဒဏ်ရာရသူများ ပိုမိုများပြားလာကြောင်း သိရသည်။[၉၆]

## ထိခိုက် ဒဏ်ရာ ရသူများအတွက် အကူအညီ

မြန်မာနိုင်ငံအတွင်း နယကစစ်အစိုးရက အရပ်ဖက်ဆိုင်ရာ ဆေးကုသမှုစနစ်ကို နှစ်ပေါင်းများစွာကြာအောင် လျစ်လျူရှုထားသည့်အတွက် မိုင်းဒဏ်ခံစားရသူများအား ကူညီထောက်ပံ့ရေးလုပ်ငန်းသည် အလွန်နည်းပါးလှသည်။[၉၇] မြန်မာနိုင်ငံအတွင်းရှိ မိုင်းဒဏ်ခံစားရသူများနှင့် တွေ့ဆုံးမေးမြန်းရာတွင် စစ်သားများသည် အရပ်သားများထက် ပိုမိုကောင်းမွန်စွာ ဆေးကုသမှုခံရကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိပြီးနောက်ပိုင်းတွင်လည်း အလုပ်အကိုင်ရသည့် အခွင့်အရေးတွင်လည်း စစ်သားများက သာလွန်ကြောင်း သိရသည်။

ဆေးကုသခွင့် ရရှိရေးသည် မိုင်းပေါက်ကွဲသည့် နေရာပေါ်တွင် မူတည်နေပါသည်။ မိုင်းဒဏ်ခံရသူတို့အတွက် အထောက်အပံ့များကို ပြည်သူ့ကျန်းမာရေးစနစ်မှလည်းကောင်း၊ တိုက်ပွဲဖြစ်သည့် နယ်မြေအတွင်းနှင့် အိမ်နီးချင်းနိုင်ငံများမှလည်းကောင်း ရရှိပါသည်။

မိုင်းကြောင့် ထိခိုက်ခံစားရသူများသည် အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနမှတဆင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်လေ့ကျင့်မှုများနှင့် ခြေတုလက်တုများကို ရရှိနိုင်သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့သည် မြန်မာနိုင်ငံအတွင်း ဌာန(၇)ခု ကို အကူအညီပေးနေသည်။ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရဌာနသုံးခု– အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာန(ရန်ကုန်)၊ အထွေထွေရောဂါကုဆေးရုံ (မန္တလေး)၊ အနာကြီးရောဂါကုဆေးရုံ(ရေနံ့သာမြို့)၊ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနသုံးခု– ရန်ကုန်မြို့ရှိ ကာကွယ်ရေးဌာန ပြန်လည်ပြုစုပျိုးထောင်ရေးဆေးရုံကြီး၊ ပြင်ဦးလွင်မြို့ရှိ အမှတ် ၁ စစ်ဆေးရုံနှင့် အောင်ပန်းမြို့ရှိ အမှတ် ၂ စစ်ဆေးရုံတို့ဖြစ်သည်။ ထို့အပြင် ဖားအံ အရိုးပြုပြင်ရေးဌာနသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်တခုဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် အဆိုပါဌာနများမှ လူနာ ၃၆၁၂ ကျော်ကို ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများ ပြု

---

[၉၆] မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ။ ၂၀၀၅၊ စာမျက်နှာ ၆၈၅။

[၉၇] ၂၀၀၀ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နိုင်ငံပေါင်း ၁၉၁ နိုင်ငံအနက် အဆင့် ၁၉၀ မြောက်နိုင်ငံအဖြစ်သတ်မှတ်ခံရပြီးနောက် ၂၀၀၃ ခုနှစ်တွင် စစ်အစိုးရသည် ပြည်သူ့ကျန်းမာရေးအတွက် အသုံးစရိတ်ကို ဂျီဒီပီ ၁ ဒသမ ၈ မှ ၂ ဒသမ ၂ သို့ တိုးမြှင့်လိုက်သည်။

လုပ်ပေးနိုင်ခဲ့သည်။ ခြေတုလက်တု ၂၁၈၁ ခုကို (မိုင်းထိလူနာအတွက် ၁၅၂၇၃) နှင့် အရိုးပြုပြင်သည့် ကရိယာ ၁၉၃ ခု (မိုင်းထိလူနာ များအတွက် ၈ ခု)တို့ကို တပ်ဆင်ပေးနိုင်ခဲ့သည်။ ထို့ပြင် ချိုင်းထောက် ၁၂၇၂ ခုကိုလည်း ဖြန့်ချိပေးနိုင်ခဲ့သည်။ မြန်မာ့ကြက်ခြေနီ၏ ဝေးလံခေါင်ဖျားသောနေရာများ၌ ခြေတုလက်တုကူညီးပေးရေး အစီအစဉ်မှ ဒုက္ခိတ ၈၀၀ ကို ကူညီပေးနိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့သည် ပညာရှင် ၃ ဦးကို ကမ္ဘောဒီးယားနိုင်ငံရှိ ခြေတုလက်တုကျောင်းသို့ သွားရောက်သင်ကြားစေခဲ့သည်။ အဆိုပါ သင်တန်းသားများသည် ၂၀၀၆ ခုနှစ်တွင် သင်တန်းပြီးဆုံးမည်ဟုသိရသည်။[၉၈]

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့သည် ယခင်က ကူညီပံ့ပိုးခဲ့သော ပြန်လည်လေ့ကျင့်ပျိုးထောင်ရေးဌာနများကို ဆက်လက်ထောက်ပံ့ခဲ့ည်။ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် နောက်ထပ်လူနာဌာနအပါအဝင် ကျန်းမာရေးဌာန ၅ ထက်မနည်း ဖွင့်လှစ်ပေးခဲ့ပြီး စစ်ကြောင့်ဒဏ်ရာရရှိသူ ၁၂ ဦးအတွက် ခွဲစိတ်ကုသမှု စရိတ်များကို ထောက်ပံ့ပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၏ ခွဲစိတ်ဆရာဝန်ကြီးတဦးသည် မြန်မာနိုင်ငံသို့နှစ်ကြိမ်သွားရောက်လည်ပတ်ခဲ့ရာတွင် စစ်ဘက်ဆိုင်ရာဆေးပညာနှစ်ပတ်လည်အစည်းအဝေးတွင် စစ်ဘက်နှင့် အရပ်ဖက်ဆိုင်ရာ ဆရာဝန် ၉၀ တို့ကို စစ်ဒဏ်သင့်လူနာအား ခွဲစိတ်ကုသပုံကို သရုပ်ပြခဲ့သည်။ ယင်းသရုပ်ပြမှုတွင် မိုင်းဒဏ်သင့်လူနာများကို ခွဲစိတ်ဖြတ်တောက်ပုံနှင့် ပြုစုပုံများလည်းပါဝင်သည်။ ထို့အတူ ဒဏ်ရာရရှိခဲ့သည့် လူနာများကို မြန်မာဆရာဝန်များ နှင့်အတူ ခွဲစိတ်ပေးခဲ့ပြီး ဆေးအမှုထမ်းများကိုလည်း သင်တန်းများပို့ချပေးခဲ့သည်။ ထို့နောက် သူ၏ခရီးစဉ်အပြီးခွဲစိတ်၊ ဖြတ်တောက် ကရိယာများကို သူလုပ်ကိုင်ခဲ့သော ဆေးရုံနှစ်ရုံတွင်လှူဒါန်းခဲ့သည်။[၉၉]

၂၀၀၅ ခုနှစ် ဒီဇင်ဘာလထဲတွင် ပြင်သစ်နိုင်ငံအခြေစိုက် နယ်ခြားမဲ့ ဆရာဝန်များအဖွဲ့ **(MSF)** သည် ၎င်းတို့အနေဖြင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများသို့ အကူအညီများပေးနေမှုကို အာဏာပိုင်များ၏ ကန့်သတ်၊ ချုပ်ချယ်မှုများ ရှိနေသဖြင့် မြန်မာနိုင်ငံ

[၉၈] ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်လေ့ကျင့် ပျိုးထောင်ရေးအစီအစဉ်။ ၂၀၀၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ ဂျနီဗာ၊ ယင်းမူကြမ်းကို ၂၀၀၆ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ရရှိခဲ့သည်။ စာမျက်နှာ ၂၃။

[၉၉] နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ ၂၀၀၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ ၂၀၀၆ ခုနှစ် ဇွန်လ ၁ ရက်နေ့၊ စာမျက်နှာ ၁၇၀ နှင့် ၁၇၁။

မှ ပြန်လည်ဆုတ်ခွာတော့မည့်အကြောင်း ကြေညာခဲ့သည်။[၁၀၀] အဆိုပါအဖွဲ့သည် ရွှေ့ပြောင်း ဆေးလုပ်သားများအဖွဲ့နှင့် ပိုမိုကူညီပေးနိုင်မည့်ဆေးခန်းများကို ယခင်က အစိုးရကန့်သန့် ချုပ်ချယ်မှုများပြားသည့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်အတွင်းပြုလုပ်ခဲ့သည်။[၁၀၁]

ဂိုကေး ဒေသအတွင်းရှိ ကေအန်ယူဆေးရုံသည် အမြဲနေရာပြောင်းရွှေ့ ခံကြရသည့် ကရင်လူမျိုးများ ခြေတုလက်တုလက်တု ကော်မတီမှတဆင့် ခြေထောက်အတု ၂၁ ခုကို ကူညီပေးခဲ့သည်။ လူကြီး ၆၃ ဦးနှင့် အမျိုးသမီး တဦးအပါအဝင် လူငယ် ၁၆ ဦးကို တပ်ဆင်ပေးခဲ့ရပြီး ဒဏ်ရာရသူများ၏ လေးပုံ သုံးပုံမှာ ကရင် ပြည်နယ်၊ "မူးထရော်"ခရိုင်မှ ဖြစ်လေသည်။ ခြေတုလက်တု နည်းပညာရှင်များသည် ခြေလက်ပြတ်သူတို့ကို တိုင်းတာရန်အတွက် ဝေးလံသောဒေသရှိ ကျေးရွာများဆီသို့ သွားသည်။ ထို့နောက် ခြေတုလက်တုများပြုလုပ်ရန် ဆေးရုံသို့ပြန်လာသည်။ ပြီးလျှင် ယင်းခြေတုလက်တုများကိုယူပြီး ခြေလက်ပြတ်သူတို့ထံသွားကာ တပ်ဆင်ပေးသည်။ အဆင်ပြေအောင် ပြုပြင်ပေးသည်။[၁၀၂]

မြန်မာနိုင်ငံတွင် စိတ်ဓါတ်ရေးရာ အထောက်အကူပေးရေး အစီအစဥ်များနှင့်ပတ်သက်၍ မကြားသိရသေးပေ။

မြန်မာနိုင်ငံအတွင်း ကိုယ်လက်အင်္ဂါ မသန်းမစွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း ပညာပေးမှုနှင့်ပတ်သက်သော သင်တန်းများကို လူမှုဝန်ထမ်းဝန်ကြီးဌာန၊ နိုင်ငံတကာနှင့် ဒေသအတွင်းရှိ အန်ဂျီအိုများက ပေးခဲ့ကြသည်။ ဂျပန်နိုင်ငံထောက်ပံ့ကူညီရေးအသင်းသည် ရန်ကုန်မြို့တွင် စက်ချုပ်သင်တန်းနှင့် ဆံပင်အလှပြင်သင်တန်းများကို ပေးခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မသန်မစွမ်းသူ ၈၆ ဦးသည် သင်တန်းအောင်လက်မှတ် ရခဲ့ကြသည်။ (ထိုအထဲမှ ၁၉ ဦးသည် မိုင်းဒဏ်ခံစားခဲ့ရသူများ ဖြစ်သည်။) ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သင်တန်းသားအသစ် ၂၈ ဦးသည် သင်တန်းတက်ရန် စာရင်းပေးသွင်းခဲ့ကြောင်း သိရသည်။ (သူတို့ထဲမှ ၄ ယောက်သည် မြေမြှုပ်မိုင်းဒဏ် ခံစားခဲ့ရသူဖြစ်သည်။) လွန်ခဲ့သော ၅ နှစ်အတွင်း ပြည်နယ်နှင့်တိုင်း

---

[၁၀၀] "အကူအညီပေးနေသည့် အဖွဲ့အစည်းများ မြန်မာနိုင်ငံမှ ပြန်လည်ဆုတ်ခွာခြင်း။" ၂၀၀၆ ခုနှစ် ဇန်နဝါရီလထုတ် ဧရာဝတီ လမဂ္ဂဇင်းထဲမှ။

[၁၀၁] မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ။ ၂၀၀၅ ခုနှစ် စာမျက်နှာ ၆၈၆။

[၁၀၂] အမြဲနေရာပြောင်းရွှေ့ခံရသည့် ကရင်လူမျိုးများကော်မတီ၏ အထွေထွေအတွင်းရေးမှူး စောလှဟင်နရီနှင့် အမေးအဖြေပြုလုပ်ခြင်း။ မဲဆောက်မြို့၊ ၂၀၀၆ ခုနှစ် မတ်လ ၇ ရက်နေ့။

၁၄ ခုမှ သင်တန်းတက် ရောက်ခဲ့ကြသည်။ အများစုသည် သတင်းစာများမှတဆင့် အစီအစဉ်များကိုသိရှိပြီး လျှောက်ထားခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။[၁၀၃]

လူမှုဝန်ထမ်း ဝန်ကြီးဌာနသည် ရန်ကုန်မြို့တွင် အရွယ်ရောက် မသန်မစွမ်းသူများကျောင်းကို ဖွင့်လှစ်ထားပြီး အဆိုပါကျောင်းတွင် တီဗွီပြင်သင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံပင်ညှပ်သင်တန်းနှင့် ကွန်ပျူတာ အသုံးပြုမှုသင်တန်း စသည့်အသက်မွေးဝမ်းကျောင်း သင်တန်းများကို ပို့ချပေးသည်။ သင်တန်းတက်ရောက်နေသူ အများစုမှာ စစ်သားဟောင်းများဖြစ်ပြီး ထိုသူတို့အနက် အများစုသည် မိုင်းဒဏ်ခံစားခဲ့ရသူများ ဖြစ်ကြသည်။ အဆိုပါကျောင်းသည် တနှစ်လျှင် ကျောင်းသား ၁၀၀ နီးပါးကို လက်ခံသင်ကြားပေးခဲ့သည်။ သို့ရာတွင် အာဏာပိုင်များ၏ ထောက်ပံ့ပေးမှုသည် ကျောင်းနှင့် မသန်မစွမ်းသူများအတွက် ဖူလုံအောင် မပံ့ပိုးပေးနိုင်ကြောင်း သိရသည်။[၁၀၄]

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီသည် မသန်းမစွမ်းသူများအတွက် တနှစ်လျှင် အလုပ်အကိုင်သင်တန်း အစီအစဉ် ၄ ခုမှ ၆ ခုအထိ ပြုလုပ်ပေးနေပါသည်။ ဤသင်တန်းများကို လူအများလက်လှမ်းမီနိုင်ရန်အတွက် တိုင်းနှင့်ပြည်နယ်အမျိုးမျိုးသို့ လှည့်ပြောင်းပြီး ပြုလုပ်ပေးနေပါသည်။ ဤသင်တန်းကို တက်ရောက်နေသူများအနက် အချို့သည် မြေမြှုပ်မိုင်းဒဏ် ခံခဲ့ရသူများ ဖြစ်သည်။[၁၀၅]

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မသန်မစွမ်းသူများအား ပြန်လည်လေ့ကျင့်ပေးရေး အစီအစဉ်"သည်လည်း မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိပြီး မသန်မစွမ်းဖြစ်နေသူများအနေနှင့် အခြားသူများနည်းတူ အသက်ရှင်ရပ်တည်နိုင်ရေးနှင့် တန်းတူအခွင့်အရေးရရှိမှုအတွက် ကြိုးစားနေလေသည်။[၁၀၆]

ထိုင်နိုင်ငံဘက်မှ နယ်လှည့်ကျောပိုးအိပ် ဆေးဝန်ထမ်းများအဖွဲ့ကလည်း တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ်များအတွင်း ဆေးကုသပေးခဲ့ကြသည်။ ပြည်သူ့ကျန်းမာရေးဆိုင်

---

၁၀၃ နိုင်ငံကိုယ်စားလှယ် ယူကို ယိုကိုတိုဘီနှင့် အင်တာဗျူးပြုလုပ်ခြင်း။ ဂျပန်နိုင်ငံ ထောက်ပံ့ကူညီရေးအဖွဲ့၊ ရန်ကုန်၊ ၂၀၀၆ ခုနှစ် မတ်လ ၂၀ ရက်နေ့။

၁၀၄ အဆိုပါ အချက်အလက်ကို ခိုင်လုံသောသတင်းရပ်ကွက်မှရရှိခြင်း။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ "၂၀၀၅ခုနှစ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အစီရင်ခံစာ။" ဝါရှင်တန်ဒီစီ၊ ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်နေ့။

၁၀၅ ၂၀၀၅ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ၊ စာမျက်နှာ ၆၈၇။

၁၀၆ အမေရိကန်နိုင်ငံဆိုင်ရာ နိုင်ငံတကာရွှေ့ပြောင်းလုပ်ရှားသူများအဖွဲ့၏ "ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မသန်မစွမ်းသူများအား ပြန်လည်လေ့ကျင့်ပြုစုပေးရေး အစီအစဉ်"၊ www.miusa.org တွင် ကြည့်ရှုရန်။ ၂၀၀၆ ခုနှစ် ဧပြီလ ၂၉ ရက်နေ့။

ရာ ပညာပေးမှုများကိုလည်း လုပ်ခဲ့ကြသည်။ မိုင်းဒဏ်ခံရသူများအား ခွဲစိတ်ပေးသည့် အလုပ်များအပါအဝင် အရေးပေါ် ကုသမှုများကို ပြုလုပ်ပေးခဲ့ကြသည်။[၁၀၇] အချို့သည် နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့မှ ဆေးပညာသင်တန်းများကို တက်ရောက်ခွင့်ရရှိခဲ့သည်။[၁၀၈] နယ်လှည့်ကြောပိုးအိပ် ဆေးဝန်ထမ်း စုစုပေါင်း ၁၂၀ ရှိသည့်ထဲမှ ၂၀၀၆ ခုနှစ် ဧပြီလ တွေ့ရှိချက်အရ ဆေးလုပ်သား ၆ ဦး နယ်လှည့်ဆေးကုသမှု ပေးနေစဉ်အတွင်း သေဆုံးခဲ့ပြီဖြစ်သည်။[၁၀၉]

မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်းဒဏ် ခံစားနေရသူများသည် အကူအညီများရရှိ ရန်နှင့် ဆေးဝါးကုသမှုများကို ခံယူရန်အတွက် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံလာခဲ့ပြီး တာ့(ခ်)၊ ချင်းမိုင်၊ မဲဟောင်ဆောင်၊ ကန်ချာနာဘူရီ၊ ရတ်ချာဘူရီ နယ်စပ်ဒေသ ဒုက္ခသည် စခန်းများတွင်လည်းကောင်း၊ ခရိုင်ပြည်သူ့ဆေးရုံများတွင်လည်းကောင်း ဆေးကုသမှုကို ရရှိခဲ့ကြသည်။ မဲဆောက်ရှိ မယ်တော်ဆေးခန်း၊ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကယ်တင်ရေးအဖွဲ့၊ အမေရိကန် ဒုက္ခသည်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ဆေးဝါးကူညီရေးကော်မတီနှင့် မော်လတီဆာနိုင်ငံတကာ–ဂျာမဏီ အဖွဲ့တို့သည် နယ်စပ်ကိုဖြတ်ကျော်ပြီး ထိုင်းနိုင်ငံအတွင်းသို့ ရောက်လာသော စစ်ပွဲမှဒဏ်ရာရသူတို့ကို အရေးပေါ်စစ်ဆေး ကုသမှုများ ပြုလုပ်ပေးပါသည်။ မယ်တော်ဆေးခန်းရှိ ခြေတုလက်တုဌာနသည် ခြေတုလက်တုများ တပ်ဆင်ပေးပြီး ခန္ဓာကိုယ်ပြန်လည်သန်စွမ်း ကြံ့ခိုင်လာအောင် လေ့ကျင့်ကုသပေးပါသည်။ ဒုက္ခသည်စခန်းအတွင်း ကျင်းပပြုလုပ်ပေးသော အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့၏ခြေတုလက်တုလုပ်ငန်း ဆွေးနွေးပွဲများတွင်လည်း ကုသမှုများရှိပါသည်။[၁၁၀]

## ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များအတွက် ကူညီထောက်ပံ့ပေးရေးဌာနများ

မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်းဒဏ် ထိခိုက်ခံရသူများသည် အကူအညီများရရှိရန်နှင့် ဆေးဝါးကုသမှုများကို ခံယူရန်အတွက် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံလာခဲ့ပြီး

---

[၁၀၇] ၂၀၀၅ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ၊ စာမျက်နှာ ၆၈၆။

[၁၀၈] တာ့ခ်ခရိုင်၊ မယ်တော်ဆေးခန်းမှ ဒေါက်တာ စင်သီယာမောင်နှင့် ခြေတုလက်တုဌာနမှ ဌာနမှူးတဦးကိုမေးမြန်းခြင်း၊ ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်နေ့။ ဆွန်ဆတ် သနာဘိုရီကွန် (IRC) ထံမှ အီးမေး၊ ၂၀၀၆ ခုနှစ် မတ်လ ၁၀ ရက်နေ့။

[၁၀၉] ဂျွန်ဟော့(ပ်)ကင်း သတင်းစာတွင် ဖော်ပြထားသော “မြန်မာနိုင်ငံသားများ၏ ကျန်းမာရေးအတွက် တိုပ်ပွဲဝင်ကြ” ၂၀၀၆ ခုနှစ် ဧပြီလ ၅ ရက်နေ့။

[၁၁၀] မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ ထိုင်းနိုင်ငံဆိုင်ရာ အစီရင်ခံစာကိုကြည့်ရန်။

တာ့(ခ်)၊ ချင်းမိုင်၊ မဲဟောင်ဆောင်၊ ကန်ချာနာဘူရီ၊ ရတ်ချာဘူရီ နယ်စပ်ဒေသ ဒုက္ခသည်စခန်းများတွင်လည်းကောင်း၊ ခရိုင်ပြည်သူ့ဆေးရုံများတွင်လည်းကောင်း ဆေးကုသမှုကို ရရှိခဲ့ကြသည်။ မဲဆောက်ရှိ မယ်တော်ဆေးခန်း၊ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကူညီကယ်တင်ရေးအဖွဲ့၊ အမေရိကန် ဒုက္ခသည်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ဆေးဝါးကူညီရေးကော်မတီနှင့် မော်လတီဆာ နိုင်ငံတကာ–ဂျာမဏီ အဖွဲ့တို့သည် နယ်စပ်ကို ဖြတ်ကျော်ပြီး ထိုင်းနိုင်ငံအတွင်းသို့ ရောက်လာသော စစ်ပွဲမှဒဏ်ရာရသူတို့ကို အရေးပေါ် စစ်ဆေးကုသမှုများ ပြုလုပ်ပေးပါသည်။ မယ်တော်ဆေးခန်းရှိ ခြေတုလက်တုဌာနတွင် ခြေတုလက်တုများ တပ်ဆင်ပေးပြီး ခန္ဓာကိုယ်ပြန်လည်သန်စွမ်း ကြံ့ခိုင်လာအောင် လေ့ကျင့်ကုသပေးပါသည်။ ဒုက္ခသည်စခန်းအတွင်း ကျင်းပပြုလုပ်ပေးသော အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့၏ ခြေတုလက်တုလုပ်ငန်း ဆွေးနွေးပွဲများတွင်လည်း ကူညီကုသမှုများ ရှိပါသည်။

၂၀၀၅ ခုနှစ်ထဲတွင် မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရခဲ့သူ ၁၄ ယောက်ကို မယ်တော်ဆေးခန်းမှ လက်ခံရရှိခဲ့ပြီး အားလုံးကို မဲဆောက်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပို့ပေးခဲ့သည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှစ၍ ဧပြီလအတွင်း နောက်ထပ်မြေမြှုပ်မိုင်း ဒဏ်ခံရသူ ၅ ဦး ရောက်ရှိလာခဲ့ပြီး ၄ ဦးကို မဲဆောက်ဆေးရုံ၌ဆက်လက် ကုသစေခဲ့သည်။ မယ်တော်ဆေးခန်း၏ ခြေတုလက်တုဌာနသည် ၂၀၀၅ ခုနှစ် အတွင်း မိုင်းလူနာ ၁၅၃ ဦးအပါအဝင် လူနာ ၁၈၂ ဦးကို ခြေတုလက်တုများ တပ်ဆင်ပေးခဲ့သည်။ မယ်တော်ဆေးခန်းသည် နယ်စပ်ဒေသတလျှောက်ရှိ ပြည်သူလူထုကို ဆေးဝါးကုသမှုများ ပေးနိုင်စေရေးအတွက် ဆေးမှူးသင်တန်းများကို နှစ်စဉ်ပြုလုပ်ပေးနေသည်။ ၂၀၀၅ ခုနှစ် အစောပိုင်းတွင် လူ ၆ ဦးသည် ခြေတုလက်တုများ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ခဲ့သည်။ ထိုသူတို့ထဲမှနှစ်ဦးသည် ကရင်နီပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦးမှ မိုင်းဒဏ်ခံခဲ့ရသူများဖြစ်သည်။ နောက် ၂ ဦးမှာ ကေအန်ယူ မှဖြစ်ပြီး နောက်တဦးမှာ မြန်မာကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာနမှဖြစ်သည်။ နောက်ဆုံးတဦးမှာမူ ကရင်မသန်မစွမ်းသူများ လူမှုဖူလုံရေးအသင်းမှ ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် သင်တန်းသား ၄၅ ဦးကို အခြေခံဆေးပညာသင်တန်းပေးခဲ့ပြီး အဆိုပါသင်တန်းမှ သူနာပြု ၄၀ ဦးကိုလည်း လေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့သည်။ သင်တန်းတက်ရောက်သူများမှာ ဒုက္ခသည်စခန်းများနှင့် နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများအဖွဲ့မှ ဖြစ်သည်။ နယ်လှည့် ခြေတုလက်တုပြုလုပ်ရေးဌာနကဲ့သို့ အပြည်ပြည်ဆိုင်ရာလမ်းကြောင်းရှင်းလင်းရေးအဖွဲ့မှ သင်တန်းများပေးနေချိန်တွင် ခြေတုလက်တုဌာနသည် နယ်စည်းမခြား အကူအညီပေးရေးအဖွဲ့မှ ငွေကြေးများနှင့် ခွဲစိတ်ခန်းသုံး ကရိယာ

ပစ္စည်းများကို အကူအညီရရှိခဲ့သည်။[၁၁၁] နယ်လှည့်ခြေတုလက်တု ပြုလုပ်ပေးရေးဌာနကို ၂၀၀၅ ခုနှစ် နှစ်လည်ပိုင်းတွင် တည်ထောင်ခဲ့ပြီး မယ်တော်ဆေးခန်း ခြေတုလက်တုဌာနနှင့် ကရင်မသန်မစွမ်းသူများ လူမှုဖူလုံရေးအသင်းတို့မှပူးတွဲကာ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ် ဇွန်လမှ ၂၀၀၆ ခုနှစ် မတ်လ အတွင်း ခြေတုလက်တု ၈၀ ကို ပြုလုပ်တပ်ဆင်ပေးနိုင်ခဲ့သည်။[၁၁၂]

၂၀၀၅ ခုနှစ်တွင် နိုင်ငံတကာ မသန်မစွမ်းသူများအဖွဲ့၏ မြန်မာနယ်စပ် အစီအစဉ်သည် ပြန်လည်လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် နေရာပြောင်းရွှေ့ခံရသူများ ၃၅၀၇ ဦးကို ကူညီပေးခဲ့သည်။ ထိုအထဲမှ ၆၁၇ ဦးမှာ ထိုင်းမြန်မာနယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်း ၈ ခုမှ မိုင်းဒဏ်ခံရသူများဖြစ်ပြီး ၅၂၃ ဦးမှာ သတင်းမှတ်တမ်းများအရ စားရင်းပြုစုထားခြင်းဖြစ်သည်။ ဒုက္ခသည်စခန်းအတွင်းရှိ ခြေတုလက်တု ပြုလုပ်ပေးရေးဌာနလေးခုမှ ကူညီပေးထားသော မိုင်းဒဏ်ခံစားခဲ့ရသူ ၁၉၅ ဦးနှင့် အခြားသူများမှာ ၂၀၀၅ခုနှစ်အတွင်း ခြေလက်ဖြတ်ခဲ့ရသူများ ဖြစ်သည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဖေဖေါ်ဝါရီလထဲတွင် လူဦးရေစုစုပေါင်း ၁၄၉၉ ဦးကို ပြန်လည်လေ့ကျင့် ပျိုးထောင်ပေးနိုင်ခဲ့သည်။ မသန်မစွမ်းဖြစ်နေသူ ဒါမှမဟုတ် မိုင်းဒဏ်ခံစားရသူ ၃၀၂ ဦးကိုလည်း ခြေတုလက်တုနှင့်တကွ ကူညီထောက်ပံ့ရေးပစ္စည်းများပေးခဲ့သည်။ ထိုကာလအတွင်း အထောက်အကူပြုပစ္စည်းပေါင်း ၅၂ ခုကို ကူညီပေးနိုင်ခဲ့သည်။ ထိုအထဲတွင် ချိုင်းထောက် ၉ ခု၊ ဘီးတပ်ကုလားထိုင် ၆ ခုနှင့် အခြားအထောက်အပံ့ပစ္စည်း ၃၇ ခုကိုလည်း ကူညီပေးခဲ့သည်။[၁၁၃]

၂၀၀၅ ခုနှစ်ထဲတွင် တာ့(ခ်) ခရိုင် မဲဆောက်ဆေးရုံမှ မိုင်းဒဏ်ခံစားရသူ ၂၆ ဦးကို (ထိုင်းလူမျိုး သုံးဦး၊ မြန်မာ ဆယ့်နှစ်ဦးနှင့် ကရင်ဆယ့်တစ်ဦး)ကို ကုသပေးခဲ့သည်။ ၂၀၀၅ ခုနှစ်ထဲတွင် မဲဆောက်ဆေးရုံကြီးကပင် မိုင်းဒဏ်ခံရသူ ၅၆ ဦးအပါအဝင် စုစုပေါင်း ၁၁၃ ဦးကို ဘီးတပ်ကုလားထိုင် ၁၆ လုံး၊ ချိုင်းထောက် ၄၇၀ စုံ၊ ဖိနပ် ၆၄

---

[၁၁၁] တာ့ခ်ခရိုင်၊ မယ်တော်ဆေးခန်းမှ ဒေါက်တာ စင်သီယာမောင်နှင့် ခြေတုလက်တုဌာနနမှ ဌာနမှူးတဦးကိုမေးမြန်းခြင်း၊ ၂၀၀၆ ခုနှစ် မတ်လ ၈ရက်နေ့။ ဆွန်ဆတ် သနာဘိုရီကွန် (IRC) ထံမှ အီးမေး၊ ၂၀၀၆ ခုနှစ် မတ်လ ၁၀ရက်နေ့။ နိုင်ငံတကာလမ်းကြောင်းရှင်းအဖွဲ့မှ အင်းဘတ် မတ်တီး၏ အီးမေး။ ၂၀၀၆ ခုနှစ် မေလ ၁ ရက်နေ့။

[၁၁၂] မယ်တော်ဆေးခန်းမှ ဆေးဝန်ထမ်းများနှင့် အင်တာဗျူးပြုလုပ်ခြင်း၊ ၂၀၀၆ ခုနှစ် မေလ ၁ ရက်နေ့။ နိုင်ငံတကာလမ်းကြောင်းရှင်းအဖွဲ့မှ အင်းဘတ် မတ်တီး၏ အီးမေး။ ၂၀၀၆ ခုနှစ်တွင် မေလ ၁ ရက်နေ့။

[၁၁၃] နိုင်ငံတကာ မသန်မစွမ်းသူများအားကူညီရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် ဖေဖေါ်ဝါရီလထုတ် လစဉ်အစီရင်ခံစာ၊ စာမျက်နှာ ၃ မှ ၇ အထိ၊ ပေါ်(လ်) ယုံး၏ အီးမေး၊ နိုင်ငံတကာ မသန်မစွမ်းသူများအားကူညီရေးအဖွဲ့၊ ထိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ် မတ်လ ၁၆ ရက်နေ့။

စုံနှင့် တုတ် ၅၆ ချောင်းကို ကူညီတပ်ဆင်ပေးခဲ့သည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း အဆိုပါခြေတုလက်တုဌာနသည် မိုင်းထိလူနာ ၁၉ ဦးအပါအဝင် လူနာ ၂၅ ဦးကို ကုသပေးခဲ့ပြီး ချိုင်းထောက် ၅၀ ခု၊ လမ်းလျှောက် ဖိနပ် ၂၂ စုံ၊ ဘီးတပ်ကုလားထိုင် ၃ လုံးကို ထောက်ပံ့ပေးခဲ့သည်။ အကူအညီပေးခံ ရသူများထဲတွင် မြန်မာနှစ်ဦးနှင့် ကရင်လူမျိုးနှစ်ဦး ပါဝင်သည်။[၁၁၄]

ကရင်မသန်မစွမ်းသူများ လူမှုဖူလုံရေးအသင်းသည် မယ်လဒုက္ခသည် စခန်းတွင် မသန်မစွမ်းသူများအတွက် "ကူညီစောင့်ရှောက်ရေးရိပ်မွန်"ဟု ခေါ်သော အဆောင်တခု တည်ဆောက်ပေးခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အဆိုပါအဆောင်အတွင်း နေထိုင်သူ ၁၅ ဦးတွင် ၁၂ ဦးသည် မြေမြှုပ်မိုင်းဒဏ်ခံရသူများဖြစ်သည်။ "ကူညီစောင့်ရှောက်ရေးရိပ်မွန်"တွင် ရေဒီယိုပြုပြင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် လက်မှုအတတ်ပညာ၊ ဂီတတူရိယာပစ္စည်းများနှင့် အင်္ဂလိပ်စာသင်တန်းများကို နေထိုင်သူတို့အား သင်တန်းများပေးသည်။[၁၁၅] ဒုက္ခသည်စခန်းအတွင်းရှိ ရပ်ကွက်ခေါင်းဆောင် ၁၀ ရာခိုင်နှုန်းသည် မသန်မစွမ်းသူများဖြစ်ပြီး ၈၀ မှ ၉၀ ရာခိုင်နှုန်းသည် မြေမြှုပ်မိုင်း ဒဏ်ခံစားခဲ့ရသူများဖြစ်သည်။[၁၁၆] "ကူညီစောင့်ရှောက်ရေးရိပ်မွန်"သည် အပြည်ပြည်ဆိုင်ရာ လမ်းကြောင်း ရှင်းလင်းရေးအဖွဲ့မှ နယ်လှည့်ကျောပိုးအိပ်ကျန်းမာရေး လုပ်သားများ အတွက် ခြေတုလက်တုတိုင်းတာရေး ပစ္စည်းများအပါအဝင် အသေးစားထောက်ပံ့မှုများ ရရှိသည်။[၁၁၇]

ထိုင်းနိုင်ငံ၊ "ပင်အဲန် လူအဲ(န်)" မြို့အခြေစိုက် ရှမ်းကျန်းမာရေးကော်မတီက မြန်မာနယ်စပ်မျဉ်းမှမြင်ရသည့် "ဖန်" ခရိုင်ထဲတွင် ဆေးခန်းငယ် ၂ ခုကို ဖွင့်ထားပြီး အထူးသဖြင့် မိုင်းဒဏ်ခံရသူများကို ဆေးဝါးကုသပေးပါသည်။ သို့သော်လည်း ယခင်ဖြစ်ပွားခဲ့သော ဒဏ်ရာရရှိမှုများအတွက် မဲဟောင်ဆောင်ခရိုင်အတွင်းရှိ ချင်းရိုင်းခရိုင်နှင့် "ပင်အဲန် လူအဲ(န်)" ဒေသတွင်းရှိ ခရိုင်ဆေးရုံများသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိ

---

[၁၁၄] ဘန်အွန် ဂျန်ယာကာ၊ အုဒွန်းစီတီကိုင်နှင့် အဲ(မ်)ဖာ ခရူးဝီလိုင်။ မဲဆောက် အထွေထွေရောဂါကုဆေးရုံကြီး၊ ၂၀၀၆ ခုနှစ် မတ်လ ၇ ရက်နေ့။ "တာ့ခ်ခရိုင် နယ်စပ် အစီရင်ခံစာအနှစ်ချုပ်"၊ မဲဆောက် အထွေထွေရောဂါကုဆေးရုံကြီး၊ တာ့(ခ်)ခရိုင်၊ ၂၀၀၆ ခုနှစ် မတ်လ ၇ ရက်နေ့။

[၁၁၅] မယ်လဒုက္ခသည်စခန်း "ပြုစုစောင့်ရှောက်ရေးရိပ်မွန်"တွင် အလုပ်လုပ်ကိုင်နေသော စောမောဒဲချိုင်းနှင့် အင်တာဗျူးပြုလုပ်ခြင်း၊ တာ့(ခ်)ခရိုင်၊ ၂၀၀၆ ခုနှစ် မတ်လ ၇ ရက်နေ့။

[၁၁၆] မယ်လဒုက္ခသည်စခန်း၏ လုံခြုံရေးအရာရှိတဦးနှင့် အင်တာဗျူးပြုလုပ်ခြင်း၊ ၂၀၀၆ ခုနှစ် မတ်လ ၇ ရက်နေ့။

[၁၁၇] နိုင်ငံတကာလမ်းကြောင်းရှင်းအဖွဲ့မှ အင်းဘတ် မတ်တီး၏ အီးမေး။ ၂၀၀၆ ခုနှစ်တွင် မေလ ၁ ရက်။

ရသည်။ ရှမ်းပြည်နယ်အတွင်း မြေမြှုပ်မိုင်းဒဏ်ခံရသူ ခန့်မှန်းခြေ ၅၀၀ ခန့် ရှိသည်။[၁၁၈] အဆိုပါ ခြေတုလက်တုဆေးဌာနကို ပညာရှင် ၂ ဦးမှ ဦးဆောင်နေပြီး သူတို့နှစ်ဦးစလုံးသည် မြေမြှုပ်မိုင်းဒဏ် ခံစားခဲ့ရသူများဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံး ၂၀၀၅ ခုနှစ်ထဲတွင် မဲဆောက်မြို့ရှိ မယ်တော်ဆေးခန်းတွင် သင်တန်းတက်ရောက်ခဲ့ပြီး လူနာ ၇၄ ဦးကို ကုသပေးခဲ့ပြီးဖြစ်သည်။[၁၁၉] "အဆိုပါ ပညာရှင်များသည် လမ်းကြောင်းရှင်းလင်းရေးအဖွဲ့မှ သင်တန်းတက်ရောက်သည့် စရိတ်များကိုရရှိခဲ့ပြီး ပစ္စည်းတပ်ဆင်မှုများနှင့် လုပ်ငန်း စတင်လည်ပတ်စရိတ်များကိုလည်းရရှိခဲ့သည်။[၁၂၀]

မယ်ဟောင်ဆောင်ခရိုင်အတွင်းရှိ စရီဆန်ဝါးဆေးရုံသည် မြန်မာနိုင်ငံသားမိုင်းထိလူနာ ၈ ဦးကို ကုသပေးခဲ့သည်။[၁၂၁]

၂၀၀၅ ခုနှစ်တွင် မော်လတီစာ နိုင်ငံတကာ–ဂျာမဏီအဖွဲ့သည် မိုင်းဒဏ်ခံစားခဲ့ရသူများကို သူတို့၏အဖွဲ့အတွင်း အလုပ်လုပ်ကိုင်ခွင့်ပေးခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေး၊ လူထုကျန်းမာရေးနှင့် အခြေခံမိသားစု ကျန်းမာရေးများကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။[၁၂၂]

အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၏ စစ်ကြောင့်ဒဏ်ရာရသူများ အစီအစဉ်သည် စစ်ပွဲကြောင့်ဒဏ်ရာရရှိသူများကို အဓိကအကူအညီများပေးခဲ့သည်။ ထိုင်းဆေးရုံများတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် မြန်မာနိုင်ငံသား ၈၈ ဦးကို အကူအညီပေးခဲ့ပြီး ထိုအထဲမှ လူ ၆၀ မှာ မိုင်းဒဏ်ခံရသူများဖြစ်သည်။ အားလုံးထဲမှ ၈၄ ဦးမှာ အမျိုးသားများဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၏ အဆိုပါအစီ

---

[၁၁၈] ရှမ်းကျန်းမာရေးကော်မတီနှင့် အင်တာဗျူးပြုလုပ်ခြင်း။ ချင်းမိုင်၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်။

[၁၁၉] ပီအဲ(န်) လူအဲ(န်) ခြေတုလက်တုဌာနမှ ဝန်ထမ်းတဦးနှင့် အင်တာဗျူးပြုလုပ်ခြင်း။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့။

[၁၂၀] "ထိုင်းမြန်မာနယ်စပ်ရှိ မြေမြှုပ်မိုင်းဒဏ်ခံစားရသူများအား အကူအညီပေးရေး"၊ နိုင်ငံတကာလမ်းကြောင်းရှင်းအဖွဲ့မှ အင်းဘတ် မတ်တီး၏ အီးမေး။ ၂၀၀၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် www.cpi.org ဝက်(ဘ်)ဆိုက်တွင် ဖော်ပြထားခြင်း။

[၁၂၁] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ မိုင်းဒဏ်သင့်သူများ ကူညီထောက်ပံ့ရေးဆိုင်ရာ မေးခွန်းများအပေါ် ဆူမက် နာပါဝက်ချာကိုး ၏ဖြေကြားချက်။ ခြေတုလက်တု ပညာရှင်၊ စရီဆန်ဝါးဆေးရုံ၊ မဲဟောင်ဆောင်ခရိုင် ထိုင်းနိုင်ငံ။ ၂၀၀၆ခုနှစ် မတ်လ ၁၄ ရက်။

[၁၂၂] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ မိုင်းဒဏ်သင့်သူများ ကူညီထောက်ပံ့ရေးဆိုင်ရာ မေးခွန်းများအပေါ် ကျန်းမာရေးတာဝန်ခံ ဒေါက်တာ ချားလော့(တ်) အက်ဒမ်ဇင့်(က်)၏ ပြောပြချက်။ မယ်စရီး ယဲ(န်)၊ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့။

အစဉ်မှ ဆေးရုံတက်ရောက် ကုသမှုစားရိတ်များနှင့် ဆက်လက်ကုန်ကျရန်ရှိနေသည့် စရိတ်များအတွက် အထောက်အပံ့ပေးခဲ့သည်။[၁၂၃]

ဆက်လက်ကုန်ကျမည့်စရိတ် သို့မဟုတ် ခြေလက်ဖြတ်တောက်ခြင်းများ ပြုလုပ်ပြီးနောက်ပိုင်း စောင့်ရှောက်မှုစရိတ်များကို နော်ဝေး ခရစ်ယန်ကယ်ဆယ်ရေးအဖွဲ့၊ မြန်မာကယ်ဆယ်ရေးအဖွဲ့နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘုရားကျောင်းအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (နယ်သာလန်)တို့မှ အကူအညီများရရှိခဲ့သည်။[၁၂၄]

ဗရင်ဂျီဘာသာရေး ဒုက္ခသည်ရေးရာအဖွဲ့သည် ၂၀၀၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်သော မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ခံစား ရသူများကို ပံ့ပိုးကူညီရေးအစည်းအဝေးတွင် အကူအညီများဆက်လက်ပေးသွားရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ ထို့အတူ ထိုင်းနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းတားဆီးရေးကော်မတီကို အချိန်ပြည့် ကူညီမှုများ ဆက်လက်ပြုလုပ်သွားရန်လည်း ဆုံးဖြတ်ခဲ့သည်။[၁၂၅] ၂၀၀၅ ခုနှစ်တွင် ဗရင်ဂျီဘာသာရေး ဒုက္ခသည်ရေးရာအဖွဲ့သည် ဆာကာရီရိုဒေသ တာပရာယာတွင် မြေမြှုပ်မိုင်း ဒဏ်ခံစားရသူများ၊ မသန်းမစွမ်းသူများသူများနှင့် သက်ကြီးရွယ်အိုများအား စောင်အထည် ၅၀ လှူဒါန်းခဲ့သည်။[၁၂၆]

နယ်လှည့်ကျောပိုးအိတ် ဆေးဝန်ထမ်းများအဖွဲ့သည် ထိုင်းနိုင်ငံမှ လွတ်လပ်သော ကျန်းမာရေးစောင့်ရှောက်သည့် အဖွဲ့တခုဖြစ်ပြီး မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့် မွန်၊ ကရင်၊ ကရင်နီနှင့် ရှမ်းပြည်နယ်များရှိ မိုင်းဒဏ်ခံစားရသူများကို ခြေတုလက်တု ပြုလုပ်ပေးရေးအပါအဝင် လူထုကျန်းမာရေး ပညာပေးမှုများ၊ အရေးပေါ် ဆေးဝါးကုသပေးမှုများကို ပြုလုပ်ပေးနေသည်။[၁၂၇] အချို့မှာ နိုင်ငံတကာကယ်ဆယ်ရေးကော်မတီမှ ဆေးသင်တန်းများတက်ရောက်ခဲ့သည်။[၁၂၈] ၂၀၀၆ ခုနှစ် ဧပြီလစစ်တမ်းအရ ကျောပိုးအိတ် ကျန်းမာရေးလုပ်သား ၁၂၀ ထဲမှ ၆ ဦးသည်

---

[၁၂၃] မြေမြှုပ်မိုင်းလေ့လာရေးအဖွဲ့၏ အကူအညီတောင်းခံသည့်စာတစောင်၊ အိုင်စီအာစီ ဗန်ကောက် ကိုယ်စားလှယ်အဖွဲ့၊ ၂၀၀၆ခု မတ်လ ၂၇ ရက်၊

[၁၂၄] နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့မှ ဆွမ်ဆက် တာနာဘော်ရီကော်(န်) ထံမှ ရရှိခဲ့သော အီးမေး၊ မဲဆောက်၊ ၂၀၀၆ ခုနှစ် မတ်လ ၁၀ ရက်နေ့။

[၁၂၅] TCBL/JRS အဖွဲ့မှ ဆာဆီရိအင်ဂါနီဂျာနှင့် အင်တာဗျူးပြုလုပ်ခြင်း၊ ၂၀၀၆ ခုနှစ် မေလ ၃ ရက်။

[၁၂၆] TCBL/JRS အဖွဲ့မှ ဆမ်သီရိ အင်ဂါဗာနီဂျာထံမှ ရရှိသည့် အီးမေး(လ်)၊ ၂၀၀၆ ခုနှစ် ဖေဖေါ်ဝါရီလ ၂၂ ရက်။

[၁၂၇] မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ၊ ၂၀၀၅ ခုနှစ်။ စာမျက်နှာ ၆၈၆။

[၁၂၈] တာ့ခ်ခရိုင်၊ မယ်တော်ဆေးခန်းမှ ဒေါက်တာ စင်သီယာမောင်နှင့် ခြေတုလက်တုဌာနနမှ ဌာနမှူးတဦးကိုမေးမြန်းခြင်း၊ ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်။ ဆွန်ဆတ် သနာဘိုရီကွန် (IRC) ထံမှ အီးမေး၊ ၂၀၀၆ ခုနှစ် မတ်လ ၁၀ ရက်နေ့။

နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်နေစဉ်အတွင်း သေဆုံးခဲ့ကြောင်း သိရသည်။[၁၂၉]

မျက်နှာဖုံး။ ။ မယ်တော်ဆေးခန်းတွင် ပြုလုပ်နေသော မြေမြှုပ်မိုင်း ဝေဒနာရှင်များအတွက် ခြေတုလက်တုများ၊

ဓါတ်ပုံ– နိုင်ငံတကာ အကြမ်းမဖက်ရေးအဖွဲ့မှ အယ်(လ်)ဖရက်ဒို ဖာရာရစ် လူဘန်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ။

[၁၂၉] ဂျွန်ဟော့(ပ်)ကင်း သတင်းစာတွင် ဖော်ပြထားသော “မြန်မာနိုင်ငံသားများ၏ ကျန်းမာရေးအတွက် တိုပ်ပွဲဝင်ကြ” ၂၀၀၆ ခုနှစ် ဧပြီလ ၇ ရက်။